မြကြေးမှုံ
The Mirror

၁၃၆၉ ခုနှစ်၊ ကဆုန်လပြည့်နေ့၊ တနင်္လာနေ့၊ (30-4-2007) (၅၃၀၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် အဘိဓဇ သုံးထပ်ဆွမ်းစားကျောင်းတော်ကြီး ကျောင်းလွှတ်ပူဇော်ပွဲ ရေစက်ချမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညို

လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် အဘိဓဇ သုံးထပ်ဆွမ်းစားကျောင်းတော်ကြီး ကျောင်းလွှတ်ပူဇော်ပွဲ ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန် ဧပြီ ၂၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်းရှိ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် အဘိဓဇ သုံးထပ်ဆွမ်းစားကျောင်းတော်ကြီး ကျောင်းလွှတ်ပူဇော်ပွဲ ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သောဘဏနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယနာယကချုပ် ဇန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသတို့ အမှူးပြုသော ဆရာတော် သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားအစီအစဉ် ပထမပိုင်းကို အဘိဓဇ သုံးထပ်ဆွမ်းစားကျောင်းတော်ကြီးရှေ့၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို အဘိဓဇ သုံးထပ်ဆွမ်းစားကျောင်းတော်ကြီး အပေါ်ထပ်၌ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သောဘဏ မဟာထေရ်ထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် အဘိဓဇ သုံးထပ်ဆွမ်းစားကျောင်းတော်ကြီးကို ဦးစီးဆောက်လုပ်သော အင်ဂျင်နီယာ ဦးမြင့်အောင်က ကျောင်းတော်ကြီးဆိုင်ရာ စာရွက်စာတမ်းတို့ကို ဆရာတော်ကြီးကိုယ်စား သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ပရိယတ္တိ သာသနပါလအသင်း ဥက္ကဋ္ဌ ဦးချစ်အေးက ကျောင်းတော်ကြီး ပြီးစီးအောင်မြင်ခြင်း အထိမ်းအမှတ် ဂုဏ်ပြုလွှာကို အင်ဂျင်နီယာ ဦးမြင့်အောင်ထံ ပေးအပ်သည်။

စာမျက်နှာ ၈ ကော်လံ ၄ သို့ *

ကဆုန်လပြည့်(ဗုဒ္ဓနေ့) ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

❖ **မွန်မြတ်ထူးခြားသော ကဆုန်လပြည့်နေ့ အခါသမယတွင် ဗုဒ္ဓ၏ ပရိဘောဂစေတီဖြစ်သည့် မဟာဗောဓိပင်ကို အေးမြကြည်လင်သော ရေစင်ရေအေးတို့ဖြင့် သွန်းလောင်း ကုသိုလ်ပြုကြသည်။**
"ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့ ကုသိုလ်သုစရိုက်တရားများ ပွားများပူဇော်"
(ခေါင်းကြီး) စာမျက်နှာ-၂

❖ **မဟာဗောဓိပင်သည် ကာဠူ၊ ယသော်၊ ညီတော်ဆန္န၊ ကဏ္ဍကနှင့် သောဏ္ဏဗုဒ္ဓဟေ မှတ်လေဖွားဖက်တော်ဟု ဆိုစကားအရ ဂေါတမရှင်တော်ဘုရား၏ ဖွားဖက်တော်လည်း ဖြစ်ချေသည်။**
ရှိန်အောင်ဗိုလ်၏ ***"သွန်းလောင်းညောင်ရေ ဗုဒ္ဓဟေ"*** (ဆောင်းပါး) စာမျက်နှာ-၃

မှတ်သားဖွယ်ရာမိုးရေချိန်များ ၂၉-၄-၂၀၀၇

ပဲခူး	၂ ဒသမ ၇၆ လက်မ
စစ်တွေနှင့်ထားဝယ်	၀ ဒသမ ၅၁ လက်မ
ရွှေကျင်	၀ ဒသမ ၃၉ လက်မ
ရန်ကုန်	၀ ဒသမ ၃၅ လက်မ
ကျောက်ဖြူ	၀ ဒသမ ၃၂ လက်မ
အောင်လံ	၀ ဒသမ ၁၆ လက်မ

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၀-၄-၂၀၀၇
(တနင်္လာနေ့)

ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့ ကုသိုလ်သုစရိုက်တရားများ ပွားများပူဇော်

၁၃၆၉ ခုနှစ် ကဆုန်လပြည့် (ယနေ့)သည် မွန်မြတ်ထူးခြားသော ဗုဒ္ဓနေ့ ရက်မြတ်မင်္ဂလာ အခါတော်နေ့ဖြစ်သည်။

ကဆုန်လသည် အပူဓာတ်လွန်ကဲသောလဖြစ်သည်။ သစ်ပင်ပန်းမန်များ ညှိုးခြောက်ကြသည်။ ထို့ကြောင့် ကဆုန်လတွင် ဗုဒ္ဓဘုရားရှင်၏ ပရိဘောဂစေတီ ဖြစ်တော်မူသော မဟာဗောဓိပင်ကို အေးမြသော ရေစင်တို့ဖြင့် သွန်းလောင်းကုသိုလ်ပြုကြသည်။

ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘုရားရှင်၏ ဘဝဖြစ်စဉ်တော်များနှင့် ဆက်စပ်ဖြစ်တည်နေသည်။

ဗုဒ္ဓဘုရားရှင်သည် သုမေဓာရှင်ရသေ့ဘဝတွင် ကဆုန်လပြည့်နေ့၌ ဒီပင်္ကရာဘုရားရှင်ထံမှ ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်ဟူ၍ နိယတဗျာဒိတ်တော် ရရှိခဲ့သည်။ ကဆုန်လပြည့်နေ့တွင် ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူခဲ့သည်။ ထို့အပြင် ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓနှင့် ဖွားဖက်တော်ဖြစ်သည့် မဟာဗောဓိပင် ပေါက်ရောက်တော်မူသည်။

အဆိုပါ ကဆုန်လပြည့်နေ့တွင်ပင် သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီး သဗ္ဗညုတ ရွှေဉာဏ်တော်ရှင် ဘုရားရှင်အဖြစ် ရောက်တော်မူခဲ့သည်။ ထို့အတူ ဗုဒ္ဓဘုရားရှင်သည် ကဆုန်လပြည့်နေ့တွင်ပင် ကုသိနာရုံအင်ကြင်းရဂုံ၌ ပရိနိဗ္ဗာန် စံဝင်တော်မူခဲ့ပေသည်။

ဗုဒ္ဓဘုရားရှင်သည် လောကသုံးပါးတွင် အတုမဲ့၊ အနှိုင်းမဲ့ဗုဒ္ဓအဖြစ် အထွတ်အထိပ်သို့ ရောက်ရှိပြီးချိန်မှ ပရိနိဗ္ဗာန် စံဝင်သည်အထိ ၄၅ ဝါပတ်လုံး ကျွတ်ထိုက်သော ဝေနေယျသတ္တဝါတို့အား ကောင်းကျိုးချမ်းသာဖြစ်စေမည့် တရားဒေသနာတော်များကို ဟောကြားတော်မူခဲ့သည်။

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့က မွန်မြတ်ထူးခြားသော ကဆုန်လပြည့်နေ့ အခါသမယတွင် ဗုဒ္ဓ၏ ပရိဘောဂစေတီဖြစ်သည့် မဟာဗောဓိပင်ကို အေးမြကြည်လင်သော ရေစင်ရေအေးတို့ဖြင့် သွန်းလောင်းကုသိုလ်ပြုကြသည်။ ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့သော အဆုံးအမ တရားဒေသနာတော်များကို နာကြားအားထုတ်၍ ကုသိုလ်သုစရိုက်တရားများ ဆက်လက်ပွားများ ကျင့်ကြံအားထုတ် ပူဇော်ကြခြင်းဖြင့် ပြည်သူအများ ကိုယ်စိတ်နှစ်ဖြာ ချမ်းမြေ့သာယာခြင်း၊ အသက်ရှည်ကျန်းမာခြင်းစသော အကျိုးထူးများ ရရှိနိုင်ကြမည်ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်းအနောက်ဘက်)တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် မန္တလေးတိုင်း မိတ္ထီလာမြို့ ဝါးတန်းရပ်နေ (ဦးအောင်မောင်း)-ဒေါ်နှင်းဥနှင့်သမီး၊ မနုနုအေး မိသားစုတို့နှင့်အတူ ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် အုန်းပင်လမ်းနေ ဗိုလ်ကြီးကံထွန်းဦး(ငြိမ်း) -ဒေါ်တင်တင်ဌေးမိသားစုက ငွေကျပ် ၁၃၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဦးစန္ဒသာရ (သမိုင်း) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား
★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့အစည်းအဝေး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဧပြီ ၂၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံ ဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၈၈)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ်များကြီးကြပ်ရေးကော်မတီ နာယက၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကားပြောကြားသည်။

ဘဏ်များ ကြီးကြပ်ရေး ကော်မတီနာယက၊ ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဘဏ်များ ကြီးကြပ်ရေး ကော်မတီနှင့် မြန်မာနိုင်ငံ ဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၈၈)ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

အဆိုပါ အစည်းအဝေးသို့ ဘဏ်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ နိုင်ငံတော်ပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်တို့မှ ဥက္ကဋ္ဌများ၊ အုပ်ချုပ်မှုဒါရိုက်တာများနှင့် အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘဏ်များကြီးကြပ်ရေးကော်မတီနာယက ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကား ပြောကြားရာတွင် ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်စတွင် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်များကို လိုအပ်သည်များ မှာကြားလို၍ ယခုကဲ့သို့ တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ဘဏ်များအားလုံးသည် ယခင်အတွေ့အကြုံများအပေါ် အခြေခံပြီး ဘဏ်လုပ်ငန်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊သတ်မှတ်ထားသောဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်း ရေရှည်တိုးတက် ထွန်းကားစေရန်အတွက် ဘဏ်များတွင် ဖွဲ့စည်းပြီးဖြစ်သည့် Research & Development Section များ၏ ဘဏ်လုပ်ငန်းဆိုင်ရာ ပြည်တွင်း၊ပြည်ပသတင်းအချက်အလက်များနှင့် ပညာရပ်ဆိုင်ရာ လေ့လာသုံးသပ်ရေး လုပ်ငန်းစဉ်များသည် ထိရောက်ထက်မြက်ကြရန် လိုအပ်ကြောင်း၊ ငွေကြေးခဝါချမှု ကာကွယ်တားဆီးရေးဆိုင်ရာ အမိန့်နှင့်ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများအား တိကျစွာ လိုက်နာဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် ဘဏ်များ ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းတို့က ဆွေးနွေးမှာကြားသည်။ ထို့နောက် မြန်မာနိုင်ငံ ဘဏ်များအသင်းမှ တာဝန်ရှိ ပုဂ္ဂိုလ်များက တင်ပြရန်ရှိသည်များကို ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝိဇာတ မွေးနေ့ မင်္ဂလာကျင်းပမည်

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်တိုင်း သာကေတမြို့နယ် ၁၀တောင် (၁၁)ရပ်ကွက် မှန်ကင်း ဘုန်းတော်ကြီးသင် ပညာရေးပရဟိတ အလယ်တန်းကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ကဝိန္ဒ မဟာသဒ္ဓမ္မဇောတိကဓဇ၏ (၅၉)ကြိမ်မြောက် ဝိဇာတမွေးနေ့မင်္ဂလာ ပညာရည်ချွန်ဆုပေးပွဲနှင့် ရတနာ့မေတ္တာ ကုသိုလ်ဖြစ် ဆေးခန်း (၂)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ဆေးပဒေသာပင်နှင့် ပညာရေးပဒေသာပင်စိုက်ထူပွဲနှင့် သံဃာတော် ၅၉ ပါးတို့အား အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် သင်္ကန်းစသော ဒါတပ္ပဝတ္ထုအစုစုတို့ကို မေ ၁ ရက်(အလုပ်သမားနေ့)တွင် နံနက် ၈ နာရီမှ ၁၁ နာရီထိ မှန်ကင်းပရိယတ္တိစာသင်တိုက်တွင် ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။(က-ပ)

ပိဋကတ်တော်သင်တန်းနှင့် အဘိဓမ္မာသင်တန်း

ရန်ကုန် ဧပြီ ၂၉

မြတ်ဗုဒ္ဓ၏ အဆုံးအမဖြစ်သည့် ပိဋကတ်မြန်မာပြန် တရားတော်များ သင်တန်းကို ပိဋကတ်ပညာရှင် ဆရာကြီးများက မေ ၅ ရက်မှ အောက်တိုဘာ ၂၈ရက်အထိ စနေ၊ တနင်္ဂနွေနေ့များတွင် နံနက် ၈ နာရီမှစ၍ ဓမ္မဒါနသင်ကြားပေးမည်။

အဘိဓမ္မာ(ရိုးရိုး) သင်တန်းကို မေ ၅ ရက်မှစ၍ နံနက် ၈ နာရီမှ ၁၁ နာရီအတွင်း ဦးမောင်မောင်(ဟံသာဝတီ)က ဓမ္မဒါန သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် ရှင်သာမဏေဓမ္မဗိမာန် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီး ဖုန်း-၃၈၇၃၆၁ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

အခြေခံပဋ္ဌာန်းကျင့်စဉ်သင်တန်း

ရန်ကုန် ဧပြီ ၂၉

ဓမ္မဗျူဟာ သာသနမာမကအဖွဲ့ ပဲခူးမြို့က ကြီးမှူး၍ ဥသျှောင်မြို့သစ်ဘုရင့်နောင်လမ်းရှိ လူပုဂ္ဂိုလ်များဆိုင်ရာ ပရိယတ်-ပဋိပတ်သင်တန်းကျောင်းတွင် သင်တန်းမှူး ဓမ္မဗျူဟာ-ဒေါ်ခင်လှတင်(မဟာသဒ္ဓမ္မဇောတိကဓဇ)သည် မေ ၁ ရက်မှ ၃ ရက်အထိ အခြေခံပဋ္ဌာန်းကျင့်စဉ်သင်တန်းကို ဓမ္မဒါနပို့ချမည်ဖြစ်ရာ ဖုန်း-၀၅၂-၂၃၁၉၉ သို့ ဆက်သွယ်စုံစမ်းတက်ရောက်နိုင်ကြောင်းသိရသည်။ (က-ပ)

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ချစ်ကြည်ရေးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် ဧပြီ ၂၉

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ချစ်ကြည်ရေးအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ H.E. Mr.Tran Trong Khanh နှင့် အဖွဲ့သည် ချစ်ကြည်ရေးခရီး ပြီးဆုံး၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

ဧည့်သည်တော် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ချစ်ကြည်ရေးအဖွဲ့အား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်းနှင့် ဌာနချုပ်မှ တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Tran Van Tung နှင့် သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ၃ ရပ်ကွက် ဗဟိုလမ်းနေ ဗိုလ်မှူးသာကျော် (ငြိမ်း) (လွတ်လပ်ရေးမော်ကွန်းဝင် ပထမဆင့်)-ဇနီး(ဒေါ်စံစံမေ) သား၊ သမီး၊ မြေးမိသားစုတို့က ဗိုလ်မှူးသာကျော်(ငြိမ်း)၏ မွေးနေ့အထိမ်းအမှတ် ငွေပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် ၂၇၀၀၀၀ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

သွန်းလောင်းညောင်ရေ ဗုဒ္ဓဟော

ရှိန်အောင်ပိုလ်

မြန်မာတို့၏ ဆယ့်နှစ်လရာသီတွင် နှစ်ဦးအစ တန်ခူးလသင်္ကြန်ပွဲတော်၊ ကဆုန်လပြည့် ဗုဒ္ဓနေ့ ညောင်ရေသွန်းပွဲတော်၊ နယုန်လပြည့် မဟာသမယအခါတော်၊ ဝါဆိုလပြည့်ဓမ္မစကြာအခါတော်၊ ဝါခေါင်လပြည့် မေတ္တာအခါတော်၊ တော်သလင်းလပြည့် ဂုရုဓမ္မအခါတော်၊ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်၊ တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်၊ နတ်တော်လပြည့် ဓမ္မစာဆိုတော်၊ ပြာသိုလပြည့် ရှင်တစ်ထောင် အခါတော်၊ တပို့တွဲလပြည့် ဩဝါဒပါတိမောက်အခါတော်နှင့် တပေါင်းလပြည့် ပြည်တော်ဝင် အခါတော်နေ့ ဟူ၍ ဘာသာရေးဆိုင်ရာ သတ်မှတ်ပြီး ရိုးရာယဉ်ကျေးမှုပွဲတော် ကျင်းပလေ့ရှိသည်။

ကဆုန်လနှင့်ပတ်သက်၍ **"မြူချေငယ်စွန်းပါလို့၊ နေဝန်းငယ်စက်ရှိန်၊ တောက်လောင်ငယ်ထိန်သည်၊ ဖလ်သူရိန်တေဇာကြောင့်၊ ပုဗ္ဗာပါကဲတဲ့လကိုလေး၊ ရာသီငယ် ပြိဿ၊ မဟေသီလဲ၊ ရွှေညီစလို့၊ ပန်းပြစ်ကားဝါ၊ ဝိသာခါနှင့် တာရာခြံရံ၊ စန်းငွေယုန်ဖန်သည့်နှယ်၊ ဆဒ္ဒန်ပိုင့်ဘွေဘုံမှာ၊ လကဆုန်ညောင်ရေပွဲပေမို့၊ သဲလှတယ်လေး"** ဟု မဟာအတုလမင်းကြီးက ဖွဲ့ဆိုခဲ့သည်။

ထိုတစ်ဆယ့်နှစ်လရာသီ၏ ဒုတိယမြောက်လဖြစ်သော ကဆုန်လသည် လထူးလမြတ်ထဲတွင် တစ်လအပါအဝင်ဖြစ်လေသည်။

အကြောင်းကား ကဆုန်လပြည့်နေ့သည် ကျွန်ုပ်တို့၏ ရှင်တော်ဂေါတမမြတ်စွာဘုရားသခင်လောင်းလျာ သုမေဓာရှင်ရသေ့ဘဝတွင် နောင်အခါ၌ ငါကဲ့သို့ ဘုရားဖြစ်လိမ့်မည်ဟု မိန့်ကြားတော်မူသော ဒီပင်္ကရာ မြတ်စွာဘုရား၏ နိယတဗျာဒိတ်ပန်းကို ဆင်မြန်းရသည့်နေ့ ဖြစ်၍လည်းကောင်း၊ ဘုရားဖြစ်သောဘဝ၌ မယ်တော်မာယာ၏ ဝမ်းကြာတိုက်မှ ဖွားမြင်တော်မူသည့်နေ့ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ဗောဓိပင်နှင့် ရွှေပလ္လင်ကိုအောင်မြင်ပြီး သဗ္ဗညုတရွှေဉာဏ်တော်ရ၍ ဘုရားဖြစ်သည့်နေ့ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ဝေနေယျသတ္တဝါတို့အား တရားအမြိုက်ဆေးကို တိုက်ကျွေးတော်မူပြီးလျှင် ပရိနိဗ္ဗာန်စံဝင်တော်မူသည့်နေ့ဖြစ်ခြင်းကြောင့်လည်းကောင်း နေ့ထူးနေ့မြတ်ဖြစ်သည်ဟု ဆိုစမှတ်ပြုကြခြင်း ဖြစ်ပေသည်။

အထူးအားဖြင့် ဗုဒ္ဓဘာသာမြန်မာတို့သည် ကဆုန်လပြည့် ဗုဒ္ဓနေ့ကိုအကြောင်းပြုပြီး ဗောဓိပင်မြတ်ကို ညောင်ရေသွန်းလောင်း ပူဇော်လေ့ရှိ၏။ ကဆုန်အတွင်း **"မြေသင်းပျံ့ပျံ့၊မိုးနံ့နံ့"** ဟူသော ကင်းဝန်မင်းကြီး၏ တစ်ဆယ့်နှစ်လရာသီ မိုးဘွဲ့အတိုင်းဖြစ်၍ ပါဠိဘာသာအားဖြင့် ဝိသာခါနက္ခတ်နှင့်ယှဉ်ပြီး မွန်းတည့်သောကြောင့် ဝိသာခါမာသ ဟူ၍လည်းကောင်း၊ သက္ကတဘာသာနက္ခတ်ဗေဒင်ကျမ်းများ အလိုအားဖြင့် ကောင်းကင်ပြင်တွင် ကြယ်နက္ခတ်၊ တာရာတို့သည် အားအစွမ်းနှင့်ပြည့်စုံသော နွားလားဥသဘရုပ်ပုံပေါ်နေသည်ကိုအကြောင်းပြု၍ ပြိဿရာသီဟူ၍လည်းကောင်း ခေါ်တွင်ကာ ဆယ့်နှစ်လရာသီပွဲတော် အလိုအားဖြင့် မဟာဗောဓိညောင်ပင်တော်များကို ရေသွန်းပွဲတော်သဘင် ကျင်းပမြဲ ဖြစ်သည်။

ရှေးအင်းဝမင်းများခေတ်အခါက ကဆုန်ညောင်ရေသွန်းပွဲသဘင်ကို ဘုရင့်အမိန့်တော်မှတ်၍ ကျင်းပစေကြောင်းမှတ်သားရဖူးသည်။

ဘုရားရှင်ကို ကိုယ်စားပြုသော ဗောဓိပင်ကိုပူဇော်ရခြင်း၏အကျိုးတရားများမှာထူးခြားလှပါသည်။ ကမ္ဘာတစ်သိန်းထက် ပဒုမုတ္တရာဘုရားရှင်ဗောဓိပင်ကို နံ့သာရည် သွန်းလှူဖူးသော ဂန္ဓောဒကိယထေရ်ရဟန္တာအဖြစ်သို့ရောက်ခဲ့ကြောင်း၊ ကျန်အနောမဒဿီဘုရား၊ တိဿဘုရား၊ ဝိပဿီဘုရား၊ အတ္ထဒဿီဘုရား၊ သိခီဘုရားစသည့် ဘုရားရှင်တို့၏ ဗောဓိပင်တို့ကိုအမွှေး၊ နံ့သာရည်၊ ပန်း၊ ဆီမီး၊ ဆွမ်း၊ မရိုးစည်၊ သဲ၊ ဦးဆောက်ပန်း၊ တံမြက်သိမ်းလှည်း၊ တံခွန်ပူဇော်၊ ကခုန်သီဆို၊ ရှိခိုးပူဇော်ကြကုန်သော ပုဂ္ဂိုလ်တို့သည် ဘဝပေါင်းများစွာအကျိုးတရားခံစားကြပြီး နောက်ဆုံးနိဗ္ဗာန်ရောက်ကြောင်း၊ ရဟန္တာထေရ်ဖြစ်ကြရသည်အထိ အကျိုးရှိကြောင်း ကျမ်းဂန်လာရှိပေသည်။

ထို့အပြင် ဂေါတမဘုရားရှင်လက်ထက်တော်တွင် လာဘ်သပ်ပကာလွန်စွာပေါ်များသော အရာ၌တေဒဂ်ရတော်မူသော အရှင်သီဝလိထေရ်လောင်းလျာသည် ရှေးလွန်လေပြီးသောအခါ အတ္ထဒဿီမြတ်စွာဘုရားသခင်၏ လက်ထက်တော်၌ မြတ်စွာဘုရားသခင်တို့ ပွင့်တော်မူရာမဟာဗောဓိပင်တော်၏အနီးဝယ်ကြီးစွာသော သစ်ပင်ကြီးတစ်ပင်၌ ဝရုဏမည်သော ရက္ခစိုးနတ်သားဖြစ်၍ ဘုရားသခင်ထင်ရှားရှိတော်မူစဉ် နတ်၏ချမ်းသာကိုခံစားစံစားလျက်မမေ့မလျော့သော နေခြင်းဖြင့်နေလေ၏။

ထို့နောက် ဘုရားသခင်ပရိနိဗ္ဗာန်စံတော်မူပြီးမှ သဒ္ဓါတက်ပွား၍ သံဝေဂတရားရသဖြင့် ဘုရားပွင့်တော်မူရာ မဟာဗောဓိပင်ကို သက်တော်ထင်ရှားရှိတော်မူသော ဘုရားကဲ့သို့ထင်မှတ် ကြည်ညိုပြီး မိမိပရိသတ်အခြံအရံနှင့်တကွလာပြီးလျှင် ထိုမဟာဗောဓိပင်တော်ကို ကချေသဘင် ပဥ္စင်တူရိယာတို့ဖြင့် ခြိမ့်ခြိမ့်ညံအောင်တီးမှုတ်ကသီလျက် ပူဇော်လှူဒါန်းလေ၏။ နောင်တွင် ဤရက္ခစိုးနတ်သားနှင့်တကွ ပရိသတ် အခြံအရံဖြစ်သော နတ်အပေါင်းတို့သည် နတ်ပြည်ခြောက်တန်တို့၌ လူးလာစုန်ဆန် အဖန်ဖန်အထပ်ထပ် နတ်တို့၏ စည်းစိမ်ချမ်းသာကိုခံစားစံစား ကြရလေ၏။

အရှင်သီဝလိလောင်းလျာ ရက္ခစိုးနတ်မင်းသည် ကြီးမြတ်သောလူမင်း၊ နတ်မင်းစည်းစိမ်ချမ်းသာတို့ကို အကြိမ်ကြိမ်အဖန်ဖန် ခံစားပြီးမှ ရှင်ဂေါတမမြတ်စွာဘုရားပွင့်တော်မူသောအခါ သုပ္ပဝါသ မင်းသမီး၏ဝမ်း၌ ပဋိသန္ဓေတည်၊ မီးရှူးသန့်စင်ဖွားမြင်တော်မူပြီး အရှင်သီဝလိရဟန္တာထေရ်ဟု ထင်ပေါ်ကျော်စောလာရသည့် အကျိုးတရားမှာ မဟာဗောဓိပင်ကို ပူဇော်ခဲ့သည့် ကုသိုလ်ကောင်းမှုအကြောင်းရင်းလည်းပါဝင်နိုင်သည်။

မဟာဗောဓိပင်သည် ကာဠူ၊ ယသော်၊ ညီတော်ဆန္ဒ၊ ကဏ္ဍကနှင့် သောဏ္ဍဗုဒ္ဓဟော မှတ်လေဖွားဖက်တော်ဟု ဆိုစကားအရ ဂေါတမရှင်တော်ဘုရား၏ ဖွားဖက်တော်လည်းဖြစ်ချေသည်။ ဘုရားရှင်၏ပွင့်ရာဗောဓိ ဗုဒ္ဓဟော ဗောဓိညောင်ပင်၏ ထူးခြားချက်တို့မှာကား အရောင်အဝါ အဆင်းသဏ္ဌာန်များမှာ စိမ်း၊ ဝါ၊ ဖြူ၊ ညို၊ ရွှေလိုဝင်းကြည် ရောင်ငါးလီတို့ပြင် နီလ၊ ပီတ၊ ဩဒါတစသော ခြောက်သွယ်သော ရောင်ခြည်တော်တို့နှင့်တကွ နေ့ညဉ့်မပြတ် နိစ္စဘတ်လျှင် တလျှပ်လျှပ်တဝင်းဝင်း ထွန်းလင်းတောက်ပလေ၏။

ထိုမဟာဗောဓိရွက်တော်၏ အကြော၊ အညှာရွက်ရိုးမှာကား သန္တာခေါင်ရန်း ကသစ်ပန်းကဲ့သို့ နီမြန်းသော အရောင်အဆင်း ရှိလေသည်။ ရွက်ကြီးရိုးကား လုံးပတ်သုံးထွာ အလျားသုံးတောင်ရှိ၏။ ရွက်ကြီးရွက်ဖားကား အလျား အနံ ငါးတောင်စီ၊ ရွက်ညွန့်ဖျားကား တစ်ဆယ့်နှစ်သစ်စီရှိ၏။ ရွက်လယ်ရိုးညှာမှာ လုံးပတ်နှစ်ထွာ၊ အလျားနှစ်တောင်၊ ရွက်လတ်ရွက်ဖားကား အလျား အနံ လေးတောင်စီ၊ ရွက်ညွန့်ဖျားကား ဆယ့်တစ်သစ်စီရှိ၏။ အရွက်ငယ်၏အရိုးမှာ အလျားတစ်တောင် လုံးပတ် တစ်ထွာ၊ ရွက်ငယ်ရွက်ဖားကား အလျား အနံ သုံးတောင်စီ၊ အညွန့်ဖျားကား ဆယ်သစ်စီ ရှိ၏။

ဤမဟာဗောဓိပင်ကို လေကြမ်း၊ လေပြင်းမုန်တိုင်း၊ လေပွေတို့ တိုက်ခိုက်ဝှေ့ခတ်ခြင်းငှာ မဝံ့လေသောကြောင့် အဝေးသို့သာ လွှဲဖယ်ရှောင်တိမ်းကာ တိုက်ခတ်သွားကြလေကုန်၏။

မဟာဗောဓိပင်၏ခြေရင်းတော်ကို နဂါးစောင့်၏။ အထက်ဖျားကို ဗြဟ္မာစောင့်၏။ အခက်အလက်တို့ကို ဗိဿနိုးနတ်စောင့်၏။ ပင်စည်လုံးပတ်ကို ဘုမ္မစိုးနတ်စောင့်၏။ ရွက်ကြီး၊ရွက်လတ်၊ ရွက်ငယ်တို့ကို ရသေ့တစ်ထောင်စောင့်၏။ ရွက်ငယ်၊ ရွက်ခြောက်၊ ရွက်ရော်တို့ကြွေကျသည်ရှိသော် ဝေးလှစွာသော စကြဝဠာတစ်ပါးသို့ များစွာသော နတ်အပေါင်းတို့သည် ယူဆောင်သွားလာကြလေကုန်၏ဟု ဗောဓိဝင်ကျမ်း၌ ပြဆိုထား၏။

ထူးခြားမှုတစ်ရပ်မှာ ဗုဒ္ဓဘုရားသက်တော်ထင်ရှားရှိစဉ်က ဘုန်းတန်ခိုးကြီးမြတ်သော တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူတို့သည် မဟာဗောဓိပင်ကို အမွှေးနံ့သာရည်တို့ဖြင့် သွန်းလောင်းပူဇော်ခဲ့ဖူးလေ၏။ ထိုသူတို့သည် ဓလေ့ထုံးကိုမူ၍ ပွဲတော်တစ်ခုအနေဖြင့် ရေသွန်းလောင်းပူဇော်ကြခြင်းမျိုးကားမဟုတ်ပေ။ ဗောဓိပင်တို့ကို ယူဆောင်စိုက်ပျိုးချိန်၌ ဗောဓိပင်တို့၏ တန်ခိုးပြာဋိဟာများကို ဖူးမြော်ကြရ၍ ကြည်ညိုသဒ္ဓါပွားပြီး ပူဇော်ကြခြင်းမျိုးသာဖြစ်ပေသည်။

ထို့ပြင်တဝ သီရိဓမ္မာသောကမင်းကြီးက ဗောဓိပင်ကို ရေသွန်းလောင်းရန် ရွှေအိုးရှစ်လုံးနှင့် ငွေအိုးရှစ်လုံး လှူတော်မူခြင်း၊ သီဟိုဠ်ဒက္ခိဏသာခါဗောဓိပင်ကို စိုက်ပျိုးသည့်အချိန်အခါက ဒေဝါနံပိယတိဿမင်းကြီးသည် မင်းသားနှစ်ပါးအား အစဉ်အမြဲဝတ်တော်ရေလောင်းရန် ရတနာရွှေကရားကို အသီးသီးအပ်နှင်းပြီး ညောင်ရေသွန်း ရာထူး၌ ခန့်ထားတော်မူခြင်းစသည့် အကြောင်းအကျိုးဆက်စပ်မှုတို့မှာလည်း လေ့လာမှတ်သားစရာဖြစ်ပေသည်။

အမှန်မှာ ကဆုန်လဟူသည် ကဆိန္နဟူသော ပါဠိမှဆင်းသက်လာသော စကားဖြစ်၏။ 'က' ဆိုသည်ကား 'ရေ'၊ 'ဆိန္န'ဆိုသည်ကား 'ပြတ်'သည်ဟူ၍ အဓိပ္ပာယ်ရသောကြောင့် ထိုကဆုန်လသည် မိုးနှင့် အလွန်ဝေးကွာသည့်အလျောက် မြေဓာတ်မှာ ရေအပြတ်ဆုံးလ၊ နွေအပူဒဏ်ကြောင့် ဗောဓိညောင်ပင်များ သေမသွားစေရန် ဗုဒ္ဓနွယ်ဝင်သူတော်စင်အပေါင်းတို့က ယခုလို ကဆုန်လရောက်တိုင်း ရေစင်သွန်းလောင်း ပူဇော်ကုသိုလ်ပြုကြစမြဲ ဖြစ်ပေသည်။ ဘုရားရှင်တို့၏ သစ္စာလေးပါး မြတ်တရားကိုလည်း မဟာဗောဓိပင်တို့ကိုမှီပြီး ပိုင်းခြားထင်ထင် သိမြင်တော်မူသော အပင်မျိုးဖြစ်၍မြတ်သော၊ ထူးခြားသော ညောင်ဗုဒ္ဓဟောဟု ဆိုနိုင်ပေသည်။

ရှေးမြန်မာဘုရင်များခေတ်မှ မျက်မှောက်ခေတ်သို့တိုင်အောင် နှစ်စဉ်မပျက်မကွက် ထိန်းသိမ်းစောင့်ရှောက် ကုသိုလ်ပြုလာခဲ့ကြသည့် **"သွန်းလောင်းညောင်ရေ၊ ဗုဒ္ဓဟော"** ကုသိုလ်ပြုပွဲတော်ကြီးသည် မြန်မာနိုင်ငံတော်အတွင်းရှိ ဗောဓိပင်များမတိမ်ကော မပျောက်ပျက်ရေးနှင့် ဗုဒ္ဓဘာသာ သာသနာတော်ကြီး အဓွန့်ရှည်တည်တံ့ ခိုင်မြဲရေးကိုသာမက ပါဝင်ကုသိုလ်ပြုကြသူတိုင်း ဒေသနာတော်နှင့်အညီ ခံစားစံစားကြရမည်မှာ မလွဲဧကန်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

၂၀၀၇ခုနှစ် မိုးရာသီကာလအတွက် ယေဘုယျခန့်မှန်းချက်

၁။ အနောက်တောင် မုတ်သုံလေဝင်ရောက်ခြင်း၊ ဆုတ်ခွာခြင်းအခြေအနေ

အနောက်တောင်မုတ်သုံလေသည် ၂၀၀၇ခုနှစ် ဇွန်လပထမ ၁၀ရက်ပတ် (မြန်မာသက္ကရာဇ် ၁၃၆၉ခုနှစ် နယုန်လပြည့်ကျော် ၅ရက်ခန့်)တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဝင်ရောက်ဖွယ်ရှိပါသည်။၂၀၀၇ခုနှစ် စက်တင်ဘာလတွင်တတိယ ၁၀ရက်ပတ် (မြန်မာသက္ကရာဇ်၁၃၆၉ ခုနှစ် တော်သလင်းလပြည့်ကျော်၄ရက်ခန့်)တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြန်လည်ဆုတ်ခွာသွားဖွယ်ရာ ရှိပါသည်။

၂။ မိုးဦးကာလခန့်မှန်းချက်

မိုးဦးကာလသည် ၂၀၀၇ ခုနှစ် အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံအတွင်းသို့ စတင်ဝင်ရောက်သည့်နေ့မှ ဇွန်လကုန်အထိဖြစ် ပါသည်။ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ မိုးရွာသွန်းမှု အခြေအနေမှာ ကချင်ပြည်နယ်နှင့်တနင်္သာရီတိုင်းတို့တွင် ရွာသွန်းမြဲထက်ပိုကာ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် ရွာသွန်းမြဲအောက် လျော့ပြီး ကျန်ပြည်နယ်နှင့်တိုင်းများတွင် ရွာသွန်းမြဲခန့် ရွာနိုင်ပါသည်။

၃။ မိုးလယ်ကာလခန့်မှန်းချက်

မိုးလယ်ကာလသည် ဇူလိုင် ၁ ရက်မှ ဩဂုတ်လကုန်အထိ ဖြစ်ပါသည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်ပါသည်။ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းသုံးကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ မိုးရွာသွန်းမှုအခြေအနေမှာ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် ရွာသွန်းမြဲအောက်ရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်ပါသည်။

၄။ မိုးနှောင်းကာလခန့်မှန်းချက်

မိုးနှောင်းကာလသည် စက်တင်ဘာ ၁ရက်မှ အနောက်တောင် မုတ်သုံလေ မြန်မာနိုင်ငံ တစ်ဝန်းလုံးမှ ပြန်လည်ဆုတ်ခွာသည့်နေ့အထိ ဖြစ်ပါသည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအနည်းငယ်မှ အသင့်အတင့်ရှိနိုင်ပါသည်။ ယင်းကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းနှစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ မိုးရွာသွန်းမှုမှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ရွာသွန်းမြဲထက် ပိုပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်ပါသည်။

၅။ မြစ်ရေအခြေအနေခန့်မှန်းချက်

မိုးဦးကာလ မေလနှင့်ဇွန်လတို့တွင်ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ ရွှေကျင်မြစ်နှင့် ပဲခူးမြစ်တစ်လျှောက်ရှိ မြို့များတွင် မြစ်ရေများသည် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်ရှိနိုင်ဖွယ်မရှိပါ။

မိုးလယ်ကာလ ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့၊ မင်းဘူးမြို့၊ မကွေးမြို့နှင့် ဟင်္သာတမြို့တို့တွင် တစ်ကြိမ်ခန့်၊ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ မင်းဘူးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ကြိမ်ခန့်၊စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် တစ်ကြိမ်ခန့်နှင့် မဒေါက်မြို့တွင်နှစ်ကြိမ်ခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင်နှစ်ကြိမ်ခန့်နှင့် ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်ရှိနိုင်ပါသည်။

မိုးနှောင်းကာလ စက်တင်ဘာလတွင် ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်နှင့် စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်ရှိနိုင်ပါသည်။

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့၊ ပြည်လမ်း၊ ဗမိုင်နေ ဦးအောင်ဝင်း- ဒေါ်ကြည်ကြည်အောင်၊ သားကျော်ဇောအောင်၊ဒေါ်ကေကလျာခိုင်၊ မြေးရွှေပန်းချီ၊ ရွှေသုန္ဒြေမိသားစုက ငွေကျပ် ၁၀၀၀၀၀ကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နွေအဆင့်မြင့် အင်္ဂလိပ်စကားပြော ပညာဒါနသင်တန်းဖွင့်မည်

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် (ဆ/ခ)ရပ်ကွက် လေးထောင့်ကန်လမ်း (ဘဝမြင့်မှတ်တိုင်)အနီးရှိ ရတနာသိဒ္ဓိစာသင်တိုက်တွင် မေလနှင့် ဇွန်လနွေရာသီ အင်္ဂလိပ်စကားပြော နှစ်လသင်တန်းကို ဘဒ္ဒန္တ ကဝိဇေ (B.Com)က ပညာဒါနအဖြစ် မေ ၂ရက်မှစ၍ ပို့ချဖွင့်လှစ်မည်ဖြစ်ရာ တက္ကသိုလ်ဝင်အောင်မြင်ပြီးသူများ၊ တက္ကသိုလ်တက်နေသူများ၊ ဘွဲ့ရဝန်ထမ်းများတက်ရောက်နိုင်ကြောင်းနှင့် ဖုန်း ၅၆၀၇၄၃သို့ ဆက်သွယ်စုံစမ်းစာရင်းသွင်းနိုင်ကြောင်းသိရသည်။ (က-ပ)

ပေကျင်းအိုလံပစ်ပွဲကာလအတွင်း ခရီးသည်လာရောက်မှုများပြားမည် လေဆိပ် ဝင်/ ထွက် စိစစ်မှု မြန်ဆန်သွက်လက်စေရေး ပြင်ဆင်

ပေကျင်း ဧပြီ ၂၈

လာမည့်နှစ်တွင်ကျင်းပမည့် အိုလံပစ်ပွဲတော် ကာလအတွင်း ပေကျင်းမြို့ရှိ လေဆိပ်များတွင် လူဝင်မှု စိစစ်သည့် လုပ်ငန်းများကို သွက်လက်စွာ ဆောင်ရွက်နိုင်စေရန် တရုတ်အစိုးရက အစီအစဉ်များ ရေးဆွဲချမှတ်ထားကြောင်း လူဝင်မှုကြီးကြပ်ရေး အထက်တန်းတာဝန်ရှိသူတစ်ဦးက ဧပြီ ၂၇ ရက်တွင် ပြောကြားသည်။

၂၀၀၈ခုနှစ် ဩဂုတ် ၈ ရက်တွင် ကျင်းပမည့် ပေကျင်းအိုလံပစ် အားကစားပွဲတော်ကာလအတွင်း ခရီးသည်များ လာရောက်မှု များပြားမည်ဖြစ်ရာ ခရီးသည်များ စိစစ်မှုလုပ်ငန်းကို သွက်သွက်လက်လက် ဆောင်ရွက်နိုင်ရန် အစီအစဉ်များ ရေးဆွဲထားပြီဖြစ်သည်။ လေဆိပ်များတွင်သာမက နယ်စပ်အဝင်အထွက် ဂိတ်များတွင်လည်း ခရီးသည်ဆိုက်ရောက်အပြီး ၂၅မိနစ်အတွင်း စိစစ်မှုအပြီးဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရေးဆွဲထားသည်။ နယ်စပ်လူဝင်မှု ကြီးကြပ်ရေးလုပ်ငန်း၊ အကောက်ခွန်နှင့် ကျန်းမာရေးဌာန တာဝန်ရှိသူများသည် ခရီးသည်များအား စိစစ်သည့်လုပ်ငန်းကို အမြန်ဆုံး ဆောင်ရွက်ပေးနိုင်ရန် စီစဉ်ထားကြောင်း ပြည်သူ့လုံခြုံရေးဌာနအောက်ရှိ လူဝင်မှု စိစစ်ရေးဗျူရို ဒုတိယအကြီးအကဲ ဆူကျီကွင်းက ပြောကြားသည်။

အင်တာနက်။

ပေကျင်း အိုလံပစ် အားကစားပြိုင်ပွဲ မီးရှူးတိုင် သယ်ဆောင်ရေး အစီအစဉ်နှင့် ပတ်သက်၍ ပြိုင်ပွဲကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ကျန်ကျောက်ယူ ဧပြီ ၂၇ ရက်က သတင်းစာရှင်းလင်းပွဲ၌ ရှင်းလင်းပြောကြားစဉ်။*(ဓာတ်ပုံ-အင်တာနက်)*

ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု မလေးရှားမြှင့်တင်မည်

ကွာလာလမ်ပူ ဧပြီ ၂၈

မလေးရှားနိုင်ငံသည် ၂၀၁၂ခုနှစ်ထက် နောက်မကျဘဲ ရော်ဘာစိုက်ပျိုးမှုကို ဟက်တာ ၈၀၀၀၀၀ထက်မနည်း တိုးချဲ့သွားနိုင်မည်ဟု မျှော်လင့်ကြောင်း ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ဒါတွတ်ဆရီအဗ္ဗဒူအဇစ်က ဧပြီ ၂၆ ရက်တွင် ပြောကြားသည်။ ယခုအချိန်အထိ ရော်ဘာပင် ဟက်တာ ၅၀၀၀၀၀စိုက်ပျိုးထားပြီဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မလေးရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် ရော်ဘာတင်ပို့ရောင်းချသည့် နိုင်ငံအဖြစ် ဆက်လက်ရပ်တည်နိုင်စေရန် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုကို သိသိသာသာ မြှင့်တင်သွားနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

မက်ထရစ်တန် ၁ ဒသမ ၂သန်းရှိ

မလေးရှားနိုင်ငံသည် ယခုလောလောဆယ် ကမ္ဘာ့ရော်ဘာတင်ပို့သည့် နိုင်ငံများအနက် တတိယနေရာတွင် ရှိနေသည်။ ယင်းနိုင်ငံ၏ ရော်ဘာတင်ပို့မှုမှာ တစ်နှစ်လျှင် မက်ထရစ်တန်ချိန် ၁ ဒသမ ၂ သန်းရှိသည်။

ရော်ဘာစိုက်ခင်းမှ တစ်ဟက်တာတွင် တစ်နှစ်လျှင် ကီလိုဂရမ် ၂၀၀၀ ထုတ်လုပ်နိုင်မည်ဆိုပါက ဟက်တာ ၈၀၀၀၀၀ စိုက်ပျိုးခြင်းဖြင့် ရော်ဘာ မက်ထရစ်တန်ချိန် ၁ ဒသမ ၆ သန်း ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ပြည်ပသို့ ရော်ဘာ တင်ပို့ရောင်းချခြင်းမှ ငွေကြေးများစွာ ရရှိလာမည်ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားသည်။ ***အင်တာနက်။***

အိန္ဒိယနိုင်ငံ ဆီလီဂူရီမြို့၌ ဖရဲသီး အရောင်းဆိုင်တစ်ဆိုင်ကို ဧပြီ ၂၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror

နိုင်ငံတကာ သတင်းများ

ဒုစရိုက်ဂိုဏ်းနှိမ်နင်းရန် ဘရာဇီးရဲတပ်ဖွဲ့ အကူအညီတောင်း

ရီယိုဒီဂျနေးရိုး ဧပြီ ၂၈

ဘရာဇီးနိုင်ငံတွင် လောင်းကစားလုပ်ငန်းကို အကြီးအကျယ် လုပ်ကိုင်နေသည့် မာဖီးယားဒုစရိုက်ဂိုဏ်းများကို ဖြိုခွင်းနိုင်ရေးအတွက် ဘရာဇီးရဲတပ်ဖွဲ့က နိုင်ငံတကာ ရဲတပ်ဖွဲ့ (အင်တာပိုလ်) အား အကူအညီပေးရန် မေတ္တာရပ်ခံထားကြောင်း ဧပြီ ၂၇ရက် အင်တာနက် သတင်းတွင် ဖော်ပြသည်။

ဘရာဇီးနိုင်ငံရှိ မာဖီးယားဂိုဏ်းများသည် ဥပဒေထိန်းသိမ်းရေး တာဝန်ရှိသူများကို တံစိုးလက်ဆောင်များ ပေးကာ လောင်းကစားလုပ်ငန်း များကို အကြီးအကျယ်လုပ်ကိုင်လျက်ရှိသည်။ ဘရာဇီးအစိုးရအဖွဲ့သည် မာဖီးယားဂိုဏ်းများတွင် ပါဝင်ပတ်သက်သည့် ဝန်ထမ်းများအား အရေးယူခဲ့ရသည်။

ဘရာဇီးနိုင်ငံတွင် မာဖီးယားဂိုဏ်း နှိမ်နင်းရေး ဗဟိုဌာနတစ်ခုကို မကြာသေးမီက ဖွဲ့စည်းခဲ့သည်။ ယင်းဗဟိုဌာနတွင် ဖက်ဒရယ်ရဲတပ်ဖွဲ့၊ ထောက်လှမ်းရေးဌာနနှင့် လက်နက်ကိုင်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များ ပါဝင်သည်။ ***အင်တာနက်။***

မျိုးဆက်သစ် ဒုံးကျည် ရုရှား တီထွင်ထုတ်လုပ်မည်

မော်စကို ဧပြီ ၂၈

ရုရှားနိုင်ငံသည် မျိုးဆက်သစ်ဒုံးကျည်တစ်မျိုးကို တီထွင်ထုတ်လုပ်နိုင်ရန် သုတေသနလုပ်ငန်းများ စတင်လိုက်ပြီဖြစ်ကြောင်း ဧပြီ ၂၇ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။ ဒုံးကျည် အမျိုးအစားသစ်အတွက် သုတေသနလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိပြီး ၁၀နှစ်အတွင်း ယင်းဒုံးကျည်ကို ရုရှားတပ်ဖွဲ့၌ ဖြန့်ကြက်ထားနိုင်မည်ဖြစ်ကြောင်း ရုရှားတာဝေးပစ် ဒုံးကျည်တပ်ဖွဲ့ ဒုတိယတပ်မှူး အင်နာတိုလီဇီခါရက်စ်အား ကိုးကားလျက် အီတာတာ့စ် သတင်းဌာနက သတင်းထုတ်ပြန်သည်။

ရုရှားနိုင်ငံ၏ မျိုးဆက်သစ်ဒုံးကျည်နှင့် ပတ်သက်၍ အီတာတာ့စ်သတင်းဌာနက အသေးစိတ်ဖော်ပြခြင်းမရှိပေ။

ရုရှားမဟာဗျူဟာမြောက်တပ်ဖွဲ့တွင် စတုတ္ထနှင့် ပဉ္စမမျိုးဆက် ဒုံးကျည်ခြောက်မျိုးရှိသည်။ ဥရောပအလယ်ပိုင်းတွင် ဒုံးခွင်းဒုံးစနစ်တပ်ဆင်ရန် အမေရိကန်က စီစဉ်နေချိန်တွင် ရုရှားနိုင်ငံက ဒုံးကျည်အမျိုးအစားသစ် တီထွင်ထုတ်လုပ်နိုင်ရန်ကြိုးပမ်းလာခြင်းဖြစ်သည်။ ***အင်တာနက်။***

ကာဘာလာမြို့တွင် ကားဗုံးပေါက်ကွဲ သေဆုံးသူ ၆၀နှင့် ဒဏ်ရာရသူ ၁၇၀ ရှိ

ဘဂ္ဂဒက် ဧပြီ ၂၉

အီရတ်နိုင်ငံ ကာဘာလာမြို့တွင် ဧပြီ ၂၈ရက်က ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ သေဆုံးသူ ၆၀နှင့် ဒဏ်ရာရသူ ၁၇၀ ရှိကြောင်း၊ ကာဘာလာမြို့တွင် လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်ကလည်း အလားတူ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပေါက်ကွဲ

ဘဂ္ဂဒက် အနောက်တောင်ဘက် မိုင် ၇၀ အကွာ ကာဘာလာမြို့ရှိ လူစည်ကားသော လမ်းတစ်လမ်းပေါ်တွင် ကားဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ဘုရားဖူးများဖြင့် စည်ကားသည့် လမ်းတစ်လမ်းရှိ စစ်ဆေးရေးဂိတ်တွင် ဗုံးပေါက်ကွဲခဲ့ပုံကို ဒေသဆိုင်ရာ ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်ပြသခဲ့သည်။

စစ်ဆေးရေးဂိတ်သို့ ဦးတည်မောင်းနှင်လာသော ကားတစ်စီးသည် လူအုပ်ရှိရာနေရာတွင် ဖောက်ခွဲခဲ့ကြောင်း၊ ဈေးဆိုင်များ ပျက်စီးခဲ့ရပြီး ကား ၁၂ စီး မီးလောင်ခဲ့ကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။

ထပ်တိုးလာနိုင်

ယင်းဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူ ဦးရေ ထပ်တိုးလာနိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။

အင်တာနက်။

လုံခြုံရေးကောင်စီ ပြုပြင်ပြောင်းလဲရေး အဆိုပြုချက်သစ်များ ထုတ်ပြန်ကြေညာ

နယူးယောက် ဧပြီ ၂၈

ကုလသမဂ္ဂအထွေထွေညီလာခံသည် လုံခြုံရေးကောင်စီ တိုးချဲ့ဖွဲ့စည်းရေးဆိုင်ရာ အဆိုပြုချက်သစ်များကို ဧပြီ ၂၇ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အဖွဲ့ဝင် ၁၅နိုင်ငံ ပါဝင်ပြီး လက်ရှိအနေအထားအရ ကမ္ဘာ့နိုင်ငံများအားလုံးကို ကိုယ်စားပြုနိုင်ခြင်း မရှိဟု ကုလသမဂ္ဂအဖွဲ့ဝင် အများစုက ထင်မြင်ယူဆကြသည်။ စက်မှုဖွံ့ဖြိုးပြီး နိုင်ငံများက လုံခြုံရေးကောင်စီကိုလွှမ်းမိုးထားခြင်းမှာ မသင့်လျော်ကြောင်း ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများက ထုတ်ဖော်ပြောကြားခဲ့ကြသည်။

လုံခြုံရေးကောင်စီသည် ကုလသမဂ္ဂအဖွဲ့အစည်းတွင် ဩဇာအာဏာအကြီးမားဆုံးဖြစ်သည်။ စစ်နှင့် ငြိမ်းချမ်းရေးဆိုင်ရာ စီရင်ဆုံးဖြတ်ပိုင်ခွင့်အာဏာများကိုလည်း လုံခြုံရေးကောင်စီက ရရှိထားသည်။ ၁၉၄၅ ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့အစည်းကို စတင်ထူထောင်ခဲ့ချိန်မှစ၍ ဗီတိုအာဏာကျင့်သုံးပိုင်ခွင့်ရှိသော လုံခြုံရေးကောင်စီအမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံရှိခဲ့သည်။ ယင်းနိုင်ငံများမှာ ဗြိတိန်၊ တရုတ်၊ ပြင်သစ်၊ ရုရှားနှင့် အမေရိကန်တို့ဖြစ်သည်။ ယင်းငါးနိုင်ငံကို ဒုတိယကမ္ဘာစစ်အောင်ပွဲရ နိုင်ငံများအဖြစ် ရှုမြင်ကြသည်။ လုံခြုံရေးကောင်စီ၏ ကျန်အဖွဲ့ဝင် ၁၀နိုင်ငံမှာ လုံခြုံရေးကောင်စီ၏ အလှည့်ကျအဖွဲ့ဝင် နိုင်ငံများဖြစ်ပြီး သက်တမ်း နှစ်နှစ်ဖြစ်သည်။

အဖွဲ့ဝင် ၁၉၂နိုင်ငံပါဝင်သော အထွေထွေညီလာခံသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အဆိုပြုချက်များ ရေးဆွဲနိုင်ရန်ငါးနိုင်ငံမှသံအမတ်ကြီးများအား တာဝန်ပေးအပ်ခဲ့သည်။ အဆိုပါ ငါးနိုင်ငံမှာ ချီလီ၊ ခရိုအေးရှား၊ ဆိုက်ပရပ်စ်၊ နယ်သာလန်နှင့် တူနီးရှားတို့ ဖြစ်ကြသည်။

အဆိုပါသံအမတ်ကြီးများသည် သုံးလကြာ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြပြီးနောက် လုံခြုံရေးကောင်စီ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အဆိုပြုချက်သစ်များကို ထုတ်ပြန်လိုက်သည်။ လုံခြုံရေးကောင်စီကို အမြဲတမ်းအဖွဲ့ဝင် နိုင်ငံသစ်များဖြင့် တိုးချဲ့ဖွဲ့စည်းခြင်းမပြုဘဲ ကာလအပိုင်းအခြားအရ နိုင်ငံများ တိုးချဲ့ရန် အဆိုပါ သံအမတ်ကြီးများက အဆိုပြုထားသည်။ ***အင်တာနက်။***

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဆူမို အားကစားမြှင့်တင်ရေး လှုပ်ရှားမှု အခမ်းအနားတွင် ကလေးတစ်ဦးနှင့် ဆူမိုနပန်းသမားတစ်ဦးကို ဧပြီ ၂၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရေပေါ်နျူကလီးယားစက်ရုံ ရုရှားတည်ဆောက်မည်

မော်စကို ဇွန် ၂၈

ရေပေါ်နျူကလီးယား ဓာတ်အားပေးစက်ရုံတစ်ရုံကို ရုရှားနိုင်ငံက စတင်တည်ဆောက်မည်ဖြစ်ကြောင်း၊ ယင်းစက်ရုံသည် ကမ္ဘာပေါ်တွင် ပထမဆုံးအကြိမ် တည်ဆောက်သည့် ရေပေါ်လှုပ်စစ်ဓာတ်အားပေးစက်ရုံပင်ဖြစ်ကြောင်း တာဝန်ရှိသူများက ဇွန် ၂၇ ရက်တွင် ပြောကြားသည်။

ရုရှားနိုင်ငံသည် ရေပေါ်နျူကလီးယား ဓာတ်အားပေးစက်ရုံများကို အနာဂတ်ကာလတွင် ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည်ဟု မျှော်လင့်ထားသည်။ ပထမဆုံးသော ရေပေါ်နျူကလီးယားစက်ရုံသည် ၂၀၁၀ ပြည့်နှစ်တွင် ပြီးစီးမည်ဖြစ်ကြောင်း၊ အလားတူစက်ရုံမျိုး နောက်ထပ်ခြောက်ရုံ တည်ဆောက်သွားမည် ဖြစ်ကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားသည်။ ***အင်တာနက်။***

ပီရူးနိုင်ငံ လီမာမြို့၌ တရားမဝင် ကူးယူထားသည့် စီဒီနှင့် ဒီဗွီဒီအခွေများအား ဖျက်ဆီးနေသည်ကို ဇွန် ၂၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ထိုင်းနိုင်ငံသို့ အာရှခရီးသည်များ လာရောက်မှု လျော့နည်း

ဗန်ကောက် ဇွန် ၂၈

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် နှစ်သစ်ကူးအကြိုနေ့က ဗုံးပေါက်ကွဲမှုများ ကြုံတွေ့ရပြီးနောက် အာရှတိုက်သားကမ္ဘာလှည့်ခရီးသည်များ လာရောက်မှု ကျဆင်းသွားကြောင်း ထိုင်းခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့က ဇွန် ၂၇ ရက်တွင် ပြောကြားသည်။

– လုံခြုံရေးစိုးရိမ်ပူပန်မှုကြောင့် –

ယခုနှစ် ပထမနှစ်လတွင် အရှေ့အာရှနိုင်ငံများမှ ထိုင်းနိုင်ငံသို့ အလည်အပတ် လာရောက်သော ခရီးသည် ဦးရေသည် လွန်ခဲ့သည့်နှစ် အလားတူကာလကထက် ၇ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း၊ ယင်းမှာ လုံခြုံရေးစိုးရိမ်ပူပန်မှုများကြောင့်ဖြစ်ကြောင်း ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့က ပြောကြားသည်။ ***အင်တာနက်။***

ယာဉ်တိုက်မှုများကြောင့် ဂျော်ဒန်တွင် အသေအပျောက်များ

အမ္မန် ဇွန် ၂၈

မော်တော်ယာဉ် မတော်တဆ ဖြစ်ရပ်များသည် ဂျော်ဒန်နိုင်ငံတွင် အသေအပျောက် ဒုတိယအများဆုံးသောဖြစ်ရပ်ဖြစ်နေပြီး ငါးမိနစ်တွင် မတော်တဆဖြစ်မှုတစ်မှု၊ ၁၀ နာရီတွင် လူတစ်ဦး သေဆုံးမှုတစ်မှုဖြစ်ပွားကာ ရက်သတ္တပတ်တိုင်း ကလေးငါးဦးတို့ သေဆုံးနေကြကြောင်း တရားဝင် ထုတ်ပြန်သည့် စာရင်းဇယားကို ကိုးကား၍ ဂျော်ဒန်တိုင်းမ် သတင်းစာက ရေးသားသည်။

ဂျော်ဒန်နိုင်ငံတွင် ၂၀၀၆ ခုနှစ်အတွင်း လမ်းမတော်တဆဖြစ်မှု ၉၈၀၄၉ မှု ဖြစ်ပွားခဲ့ပြီး လူ ၈၈၅ ဦး သေဆုံးခဲ့ရာ အာရပ်နိုင်ငံများတွင် အီဂျစ်နိုင်ငံပြီးလျှင် ဂျော်ဒန်နိုင်ငံသည် လမ်းမတော်တဆဖြစ်ပွားရာတွင် ဒုတိယလိုက်နေသည့် နိုင်ငံဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အီရတ်ဆိုင်ရာ အစည်းအဝေး အီရန်တက်ရောက်ရန် မဆုံးဖြတ်ရသေး

အန်ကာရာ ဇွန် ၂၈

အီရတ်နိုင်ငံတွင် ဖြစ်ပွားနေသည့် ဂိုဏ်းဂဏအကြမ်းဖက် တိုက်ခိုက်မှုများ အဆုံးသတ်ရေးအတွက် ဆွေးနွေးရန် အီဂျစ်နိုင်ငံ၌ လာမည့်ရက်သတ္တပတ်တွင် ကျင်းပမည့် အစည်းအဝေးသို့ အီရန်က တက်ရောက်မည့် ကိစ္စကို မဆုံးဖြတ်ရသေးကြောင်း အီရတ်နိုင်ငံခြားရေးဝန်ကြီး ဟိုရှီယာဇီဘာရီက ကြာသပတေးနေ့တွင် ပြောကြားသည်။

ယင်းအစည်းအဝေးသည် အမေရိကန်ပြည်ထောင်စုနှင့် အီရန်နိုင်ငံအကြား ပထမဆုံးပြုလုပ်သည့် အစည်းအဝေးဖြစ်ပြီး ခက်ခက်ခဲခဲ ကျင်းပရမည့် အစည်းအဝေးဖြစ်သည်ဟု ၎င်းက ပြောကြားသည်။ အီရန်အစိုးရအနေဖြင့် အဆိုပါ အစည်းအဝေးကို တက်ရောက်ပြီး လုံခြုံရေး ဆွေးနွေးမှုများနှင့် ပတ်သက်၍ ချိန်ဆရန် လိုအပ်သည်ဟု ဇီဘာရီက ပန်ကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အမေရိကန်နိုင်ငံ နယူးမက္ကဆီကိုပြည်နယ် အာတီဆီးယားမြို့တွင် ကျောက်တုံးကျောက်ခဲများပေါ်၌ ဂျစ်ကားတစ်စီး လေ့ကျင့်မောင်းနှင် နေသည်ကို ဇွန် ၂၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဗို့အားမြင့် တာဝါတိုင်ပြိုကျ တစ်ဦးသေဆုံး၊ ၁၂ ဦး ဒဏ်ရာရ

ကွာလာလမ်ပူ ဇွန် ၂၈

မလေးရှားနိုင်ငံအရှေ့ပိုင်း ဆာဗားပြည်နယ်ရှိ ဗို့အားမြင့် တာဝါတိုင်ကြီးတစ်တိုင် ဇွန် ၂၇ ရက်က လဲကျရာ အိန္ဒိယလုပ်သားတစ်ဦး သေဆုံးသွားပြီး အခြား ၁၂ ဦး ဒဏ်ရာရရှိသွားကြောင်း သတင်းများက ဖော်ပြသည်။

အခင်းဖြစ်ပွားလျှင် ဖြစ်ပွားချင်း ထိခိုက်ဒဏ်ရာရသွားသူ အသက် (၃၀) အရွယ်ရှိ လက်ခ်မန်မီသာကို ဒေသတွင်း ကိုတာကင်နာဘာလူးဆေးရုံသို့ တင်ပို့ခဲ့သော်လည်း ဆေးရုံရောက်ပြီး မကြာမီ သေဆုံးသွားခဲ့သည်ဟု စတားသတင်းစာက ဖော်ပြသည်။

အခြားအိန္ဒိယအမျိုးသား လုပ်သားလေးဦးမှာလည်း ဒဏ်ရာပြင်းထန်သဖြင့် အတွင်းလူနာအဖြစ် ဆေးရုံတင်လိုက်ရသော်လည်း ကျန်လူများကိုမူ ပြင်ပလူနာများအဖြစ် ကုသပေးပြီး အိမ်ပြန်ခွင့်ပြုလိုက်သည်။

၎င်းအလုပ်သမား အားလုံးသည် ဆာဗားဒေသ အရှေ့နှင့်အနောက် ဗို့အားမြင့်ဓာတ်အားလိုင်းကို လက်စသတ် တည်ဆောက်နေစဉ် ယခုကဲ့သို့ မတော်တဆမှုနှင့် တွေ့ကြုံရခြင်း ဖြစ်ကြောင်း ဒေသခံရဲအရာရှိ မိုဒ်အဇ်ဟာ ဟာမင်က ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အစ္စရေးနိုင်ငံ အာရက်မြို့၌ ကျင်းပသည့် ကုလားအုတ်စီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များကို ဇွန် ၂၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

အာရှခြင်္သေ့မျိုး ထိန်းသိမ်းရေး အိန္ဒိယ ဆောင်ရွက်မည်

နယူးဒေလီ ဇွန် ၂၈

အာရှခြင်္သေ့မျိုး ထိန်းသိမ်းနိုင်ရေးအတွက် အစီအစဉ်များရေးဆွဲချမှတ်ထားကြောင်း အိန္ဒိယတာဝန်ရှိသူများက ဇွန် ၂၇ ရက်တွင် ပြောကြားသည်။

အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ်ရှိ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် အာရှခြင်္သေ့များကို ထိန်းသိမ်းနိုင်စေရန် လုံခြုံရေးဝန်ထမ်း ရာပေါင်းများစွာနှင့် စီစီတီဗွီကင်မရာတို့ကို တပ်ဆင်အသုံးပြုသွားရန် စီစဉ်လျက်ရှိသည်။ လွန်ခဲ့သည့် ရက်သတ္တ ခြောက်ပတ်ကာလအတွင်း အာရှခြင်္သေ့မျိုး ၁၀ကောင် သေဆုံးနေသည်ကို တွေ့ရှိရသည်။ သေဆုံးနေသည့်ခြင်္သေ့များအနက် ခြောက်ကောင်မှာ တောရိုင်းတိရစ္ဆာန်များကို ခိုးဝှက်သတ်ဖြတ်သည့် မုဆိုးများ၏လက်ချက်ဖြင့် သေဆုံးရခြင်းဖြစ်သည်။

ဂူဂျာရတ်ပြည်နယ်ရှိ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှာ စတုရန်းကီလိုမီတာ ၁၄၀၀ ကျယ်ဝန်းသဖြင့် တောရိုင်းတိရစ္ဆာန်များကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် အခက်အခဲများရှိသည်။ လွန်ခဲ့သည့် ငါးနှစ်တာကာလအတွင်း ဘေးမဲ့တောနယ်မြေအတွင်းရှိ ရေတွင်းများအတွင်းသို့ လိမ့်ကျကာ သေဆုံးခဲ့သည့် ခြင်္သေ့ကောင်ရေမှာ ၂၁ ကောင်ရှိသည်။

တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေး အစီအစဉ်သစ်အရ အစောင့်ဝန်ထမ်းသစ် ၃၀၀ ကျော် ငှားရမ်းအသုံးပြုမည်ဖြစ်ကြောင်း နိုင်ငံတော် သစ်တောဌာနမှ အထက်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ***အင်တာနက်။***

အရှေ့တိုင်းနှင့် အနောက်တိုင်း ပေါင်းစပ်ကုထုံးဖြင့် ကင်ဆာကုသနိုင်

စင်ကာပူ ဇွန် ၂၈

အရှေ့တိုင်း၏ တိုင်းရင်းဆေးပညာနှင့် အနောက်တိုင်း သိပ္ပံပညာတို့ ပေါင်းစပ်ကာ ကင်ဆာရောဂါဆိုင်ရာ ကုထုံးသစ်များကို ဖော်ထုတ်နိုင်မည် ဖြစ်ကြောင်း စင်ကာပူနိုင်ငံတွင် ကျင်းပသည့် ဆေးပညာနှီးနှောဖလှယ်ပွဲ တစ်ရပ်၌ ပါမောက္ခ တစ်ဦးက ပြောကြားသည်။

အရှေ့တိုင်း၏ တိုင်းရင်းဆေးပညာသည် အဆင့်အတန်းရှိသည့် ဆေးပညာအဖြစ်ရပ်တည်လျက်ရှိကြောင်း၊ ကင်ဆာဝေဒနာရှင် အများအပြားသည် ရိုးရာကုထုံးများနှင့်အညီ ကုသမှုခံယူနေကြကြောင်း ယောင်ကောင်ရှိ တရုတ်တက္ကသိုလ်မှ ပါမောက္ခတိုနီမော့ရှူခမ်းက ပြောကြားသည်။

မိမိတို့သည် တိုင်းရင်းဆေးပညာကို ပစ်ပယ်နိုင်ခြင်း မရှိကြောင်း၊ အကြောင်းမှာ တိုင်းရင်းဆေးပညာဖြင့် ကုသပေးသည့် ကုထုံးများ၏ အစွမ်းထက်မြက်ပုံကို တွေ့မြင်ရသောကြောင့်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ *အင်တာနက်။*

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကျင်းပသည့် ဆေးပဒေသာပင်လှူဒါန်းပွဲသို့ တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်း တက်ရောက်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းနှင့် တာဝန်ရှိသူများ အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံတွင် ဆေးဝါးကုသမှုခံယူနေသောလူနာများအား ကြည့်ရှုအားပေးစဉ်။ (မြို့တော်စည်ပင်)

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းသည် မေ ၂၇ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းနှင့် ကျိုက်ဝိုင်းဘုရားလမ်းထောင့်ရှိ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန အမျိုးသားပြန်လည်သန်စွမ်းရေး ဆေးရုံဝင်းအတွင်း၌ ကျင်းပသော မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ဆေးပဒေသာပင်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ရှေးဦးစွာ တိုင်းမှူးနှင့်ဧည့်သည်တော်များအား ဆေးရုံအုပ်ကြီး ဒေါက်တာမိုးအောင်က သန့်ရှင်းရေး ဆောင်ရွက်ထားမှုနှင့် ဆေးရုံ၏ ဖွဲ့စည်းပုံများကို ရှင်းလင်းတင်ပြသည်။

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ် မိသားစုက အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံအတွက် လှူဒါန်းငွေ ကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းစဉ်။ (မြို့တော်စည်ပင်)

ဆက်လက်၍ တိုင်းမှူးနှင့်ဧည့်သည်တော်များသည် ဆေးရုံဝင်းအတွင်း အထူးသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် ကြက်ဆူပင်များ စိုက်ပျိုးနေမှုများ၊ ခြေတု၊ လက်တုနှင့် အားပြုကိရိယာ အလုပ်ရုံအတွင်းရှိ ခြေတု၊ လက်တု ပုံစံထုတ်လုပ်ခြင်း၊ လူနာများ ခြေတုကိရိယာဖြင့် လမ်းလျှောက်လေ့လာမှုနှင့် ရူပဗေဒဆိုင်ရာ ကုသဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အမျိုးသား၊ အမျိုးသမီး လူနာကုသဆောင်များအတွင်း တက်ရောက်၍ ဆေးဝါးကုသမှုခံယူနေသော လူနာများအား တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ထို့နောက် အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံသို့ ဆေးပဒေသာပင်လှူဒါန်းပွဲကို ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က ဆေးပဒေသာပင် လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလှူရှင်များဖြစ်ကြသည့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းက ငွေကျပ် နှစ်သိန်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ငွေကျပ်နှစ်သိန်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ငွေကျပ် နှစ်သိန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ် မိသားစုက ငွေကျပ် တစ်သိန်း၊ ဗိုလ်မှူးချုပ်စည်သူတင်ဖေ (ငြိမ်း)-ဇနီး ဒေါ်မြတ်လေး မိသားစုက ငွေကျပ်တစ်သိန်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်စွဲ့မာဝင်းက ငွေကျပ် တစ်သိန်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေး လုပ်ငန်းအဖွဲ့က ငွေကျပ် တစ်သိန်း၊ သုခမ္မမဏ္ဍိဇောတရေ ဦးဇေယျာသူရမွန်-ဒေါ်ခိုင်ခိုင်မြင့် (GUN KULL) အင်ဂျင်နီယာရင်းကုမ္ပဏီက ငွေကျပ် တစ်သိန်း၊ ဦးနေအောင်-ဒေါ်ခင်မိုးညွန့် (အောင်ရီဖြိုးကုမ္ပဏီ)က ငွေကျပ် ငါးသိန်း၊ သမားတော်ကြီး ဦးလှငွေး၊ သီရိသုဓမ္မသိင်္ဂီ ဆရာမ ဒေါ်တင်နွယ်ဦး (မှန်ချိုးဆေးတိုက်)၊ ဦးခင်မောင်ဝင်း သီရိမွန်ပလာဇာဝင်းနှင့် တိုက်ခန်းကြီးကြပ်ရေးအဖွဲ့ မရမ်းကုန်းမြို့နယ်၊ ဒေါ်ဟေမာညွန့် Clara အသားအရေ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း၊ သုခဝတီဆေးခန်း လမ်းမတော် ညောင်ပင်လေးဈေးပလာဇာ၊ ဦးမောင်ဝင်း(ကုန်သည်) ဆိပ်ကမ်းမြို့နယ်၊ ဦးစိုးလှိုင်ညွန့်နှင့် အဖွဲ့ အမှတ်(၆)ရပ်ကွက် လှိုင်မြို့နယ်၊ ဒေါက်တာနေဇင်လတ် - ဒေါ်ခင်စန်း (AMBO Co., Ltd., AMBO Hotel Group)၊ ပန်းဘဲတန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကုန်တင်ယာဉ်များအဖွဲ့၊ ဦးကျော်ဝင်း(Easten Jude International Co., Ltd.) ကျောက်တံတားမြို့နယ်၊ ဒေါက်တာကျော်စိုးဝင်း- ဇနီး ဒေါက်တာ တင်နှင်းသူ (မိဘမေတ္တာဆေးကုခန်း) ယောမင်းကြီးလမ်း ဒဂုံမြို့နယ်၊ ဦးကြည်ဝင်း (ဆန္ဒမွန်ဆေးတိုက်)၊ ဒေါက်တာထင်ပေါ် - ဇနီး ဒေါ်အေးအေးမြင့် မိသားစု အလုံမြို့နယ်၊ အိုရီယန်တယ်လီဆင်း ကုမ္ပဏီလီမိတက်နှင့် ရပ်မိရပ်ဖများ လသာမြို့နယ်၊ ဦးကျော်လှိုင် ဆောက်လုပ်ရေး ဈေးကြီးအနောက်ရပ်ကွက် ကြည့်မြင်တိုင်မြို့နယ်၊ ဒဂုံစင်တာ စမ်းချောင်းမြို့နယ်၊ ဦးမြတ်သူဝင်း (Managing Director Shwe Min Tha Interprise Co., Ltd.)နှင့် ဦးမြတ်ဦး ဘေဘီဖိုက်တာ ဆေးဝါးထုတ်လုပ်ရေးတို့က ငွေကျပ်တစ်သိန်းစီ အပါအဝင် အလှူရှင်များက အလှူငွေကျပ် ၃၆ သိန်း ရှစ်သောင်းကျပ်ကို ပေးအပ်ရာ ကျန်းမာရေးဌာန ဦးစီးမှူးနှင့် ဆေးရုံအုပ်ကြီးတို့က လက်ခံကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ဆေးရုံအုပ်ကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ညောင်ဦးမြို့နယ် စဉ့်ကူမြို့ကုန်းရပ် အများပြည်သူ သောက်သုံးရန် အဝီစိရေတွင်း၊ လက်နှိပ်ပန့်၊ ၃ပေ x ၃ပေအုတ်ရေကန်အတွက် ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့(အင်းစိန်)က ကြီးမှူးတူးဖော်မည့် မရမ်းကုန်မြို့နယ်နေ သီရိသုဓမ္မမဏိဇောတဓရ ဦးမြင့်စိုး-ဒေါ်မြမြစိုး၊ သမီး မရတနာစိုးမိသားစုက အလှူငွေ ကျပ် နှစ်သိန်းငါးသောင်းကို မေ ၃ရက်က လှူဒါန်းရာ အဖွဲ့နာယက ဦးစိုးဝင်း (စဉ့်ကူစိုးဝင်း)၊ ဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ၊ တောင်တွင်းကြီး)၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်စိုး(တရားရုံးချုပ်ရှေ့နေ)၊ အတွင်းရေးမှူး ဦးခင်မောင်ညွန့်(တရားရုံးချုပ်ရှေ့နေ)တို့ လက်ခံယူစဉ်။ (၆၁)

ပထမအကြိမ် မြန်မာ့သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်ပြပွဲ၊ ဆွေးနွေးပွဲနှင့် သစ်သီးဝလံပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၉

ပထမအကြိမ် မြန်မာ့သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်ပြပွဲ၊ ဆွေးနွေးပွဲနှင့် သစ်သီးဝလံပြိုင်ပွဲကို မေ ၅ရက်မှ ၈ရက်အထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေပဒေသာကျွန်း၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ သရက်၊ သခွားမွှေး၊ ဖရဲ၊ ငှက်ပျော၊ မာလကာ၊ နာနတ်၊ ပိန္နဲ၊ ကြက်သွန်နီ၊ သဘော် အသီးအနှံများကို မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲတွင် အသီးပါအပင်အတွက် ပထမဆု ကျပ်တစ်သိန်း၊ ဒုတိယဆု ကျပ် ခုနစ်သောင်း၊ တတိယဆု ကျပ်ငါးသောင်း ချီးမြှင့်မည်ဖြစ်ပြီး အသီးအနှံများအတွက် ပထမဆု ကျပ် ခုနစ်သောင်း၊ ဒုတိယဆု ကျပ် ငါးသောင်း၊ တတိယဆု ကျပ် သုံးသောင်းချီးမြှင့်မည်ဖြစ်ကာ သီးနှံတစ်မျိုးချင်းအလိုက် ချီးမြှင့်မည်ဖြစ်သည်။

မြန်မာနိုင်ငံအနှံ့မှထွက်ရှိသော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်မျိုးစုံကို ခင်းကျင်းပြသမည်ဖြစ်ပြီး ဟောပြောပွဲ၊ ဆွေးနွေးပွဲများတွင် စိတ်ပါဝင်စားသူတိုင်း တက်ရောက်ဆွေးနွေးနိုင်သည်။

အဆိုပါပြပွဲ၊ ပြိုင်ပွဲ၊ ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၁-၇၀၃၇၅၄၊ ၀၁-၅၁၄၂၂၆ တို့သို့ဆက်သွယ်မေးမြန်းနိုင်ကြောင်းနှင့် မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်မှု(၁) အထူးဈေးရောင်းပွဲတော်ကျင်းပ

ရန်ကုန် မေ ၂၉

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို တောင်ကုတ်မြို့ အဝေးပြေးကားဂိတ်ဝင်းနေရာ၌ မေ ၂၈ရက် နံနက် ၈နာရီတွင်ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးဝင်းနောင်နှင့် သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ အထူးဈေးရောင်းပွဲတော်ကို မေ ၇ရက်အထိ ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ပြီး အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ထွက်ကုန်ပစ္စည်းများကို မည်သူမဆိုလွတ်လပ်စွာ လက်လီလက်ကား ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖြိုးစေတနာ အခမဲ့ဆေးကုခန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၂၉

ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးသည့်အနေဖြင့် ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဖြိုးစေတနာ(အခမဲ့) ဆေးကုခန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်က (င/က) ရပ်ကွက် စံချိန်သစ်လမ်းနှင့် ဇာဝေယာလမ်းထောင့်ရှိ အခမဲ့ဆေးကုခန်းရှေ့၌ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ ဦးမောင်ပါ တက်ရောက်ချီးမြှင့်ပေးပြီး တိုင်း၊ ခရိုင်၊ မြို့နယ် အသင်းအတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် အသင်းအဆင့်ဆင့်မှ အသင်းဝင်များ စုံညီစွာတက်ရောက်ကြသည်။

အစီအစဉ်အရ မင်္ဂလာချိန်ကျရောက်သည့် နံနက် ၈ နာရီတွင် ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ ဦးမောင်ပါ၊ ရန်ကုန်တိုင်းအသင်း အတွင်းရေးမှူး ဦးအေးမြင့်နှင့် တွဲဖက်အတွင်းရေးမှူး ဦးသာဝင်း၊ အရှေ့ပိုင်းခရိုင်အသင်း အတွင်းရေးမှူး ဦးဇော်အောင်နှင့် မြို့နယ်အသင်း အတွင်းရေးမှူး ဦးခင်ဝေတို့က ဖြိုးစေတနာ(အခမဲ့)ဆေးကုခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဦးမောင်ပါက ဖြိုးစေတနာအခမဲ့ ဆေးကုခန်း၌ မြို့နယ်အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ တာဝန်ခံဆရာဝန်နှင့် ကျန်းမာရေး တာဝန်ခံများ၊ အသင်းဝင်များက ရပ်ကွက်ရှင်လူပြည်သူများအား ကျန်းမာရေး ကူညီစောင့်ရှောက်နေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြား ဖြည့်ဆည်းပေးခဲ့သည်။ **(အောက်ပုံ)** အဆိုပါ အခမဲ့ဆေးကုခန်းကို စမ်းသပ်ခ အခမဲ့နှင့် ဆေးဝါး အခမဲ့တို့ဖြင့် နေ့စဉ် ညနေ ၅ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်သွားမည်ဟု သိရသည်။

(၅၀၆)

အမှာစကား ပြောကြား

တောင်သာမြို့နယ်အသင်းနာယက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုအတွင်းရေးမှူး အမှတ် (၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တောင်သာမြို့နယ် အသင်း(ရန်ကုန်) (၂၃)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် အမှာ စကား ပြောကြားစဉ်။ (စက်မှု-၁)

တောင်သာမြို့နယ်အသင်း(ရန်ကုန်) (၂၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် ဧပြီ ၂၉

တောင်သာမြို့နယ်အသင်း(ရန်ကုန်) (၂၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် အာဇာနည်လမ်း စက်မှု(၁)မွှာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ တောင်သာမြို့နယ်အသင်းဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဆွေနှင့် အသင်းနာယက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းတို့က တောင်သာမြို့နယ်၏ ကျန်းမာရေး၊ ပညာရေး၊ ရေရရှိရေး၊ ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၏ ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က ကျေးလက်ဒေသပြည်သူများ၏ ကျန်းမာရေးအတွက် မျက်စိဝေဒနာရှင်များအား ခွဲစိတ်ကုသမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီ၊ ရန်ကုန်မြို့တော်ဝန်၏ ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် အလှူရှင်များက ၂၀၀၆-၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်၍ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား တစ်ဦးချင်းဆုများ ချီးမြှင့်ကြသည်။

ဆက်လက်၍ ဝန်ကြီး ဦးအောင်သောင်းက တောင်သာမြို့နယ်မဂ္ဂဇင်းတွင် (၁၀)ကြိမ် ပါဝင်ရေးသားသူ ဆရာဦးအောင်သောင်း၊ ဦးအုံးမောင်နှင့် ဦးစန်းမောင်တို့အား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ထို့နောက် တောင်သာမြို့နယ် အသင်းဥက္ကဋ္ဌက တောင်သာမြို့နယ်အသင်းအတွက် မှတ်တမ်းဓာတ်ပုံရိုက်ကူးပေးသူ ဦးအောင်မြတ်ကျော်အား ဂုဏ်ပြုဆုငွေ ချီးမြှင့်သည်။

ထို့နောက် အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ တောင်သာမြို့နယ် အသင်းရန်ပုံငွေအတွက် အလှူရှင်အသီးသီးက ငွေကျပ် ၁၅ သိန်း ရှစ်သောင်းကိုးထောင်ကိုလည်းကောင်း၊ ပညာရေးရန်ပုံငွေ ကျပ် ၂၆ သိန်း ငါးသောင်းကို အလှူရှင်များက ပေးအပ်ရာ ဝန်ကြီး ဦးအောင်သောင်းနှင့် အသင်းဥက္ကဋ္ဌ တို့က လက်ခံပြီးအခမ်းအနားကို ရုပ်သိမ်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မလေးရှားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကိစ္စများ တွေ့ဆုံဆွေးနွေးနိုင်

ရန်ကုန် ဧပြီ ၂၉

မလေးရှားနိုင်ငံ Federation of Malaysia Manufacturers (FMM) မှ အမှုဆောင်လူကြီး Tan Sri Dato Soong Siew Hoong ခေါင်းဆောင်၍ အဖွဲ့ဝင် ၂၆ဦးတို့ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ မေ ၉ရက်မှ ၁၂ရက်အထိ လာရောက်မည်ဖြစ်ပြီး မေ ၁၀ရက်တွင် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ အပြန်အလှန် ကုန်သွယ်မှုပြုလုပ်လိုသည့်ကိစ္စ၊ ရင်းနှီးမြှုပ်နှံမှုများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လိုသည့် ကိစ္စများကို မျက်နှာချင်းဆိုင် Business Matching ပြုလုပ်ရန်ရှိသည်။

မလေးရှားနိုင်ငံမှ FMM ကိုယ်စားလှယ်အဖွဲ့ဝင်များအနေဖြင့် မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများ၊ သစ်အခြေခံ ထုတ်ကုန်ပစ္စည်းများ၊ သားရေပစ္စည်းများ စသည်တို့ကို ဝယ်ယူရန်နှင့် ကျွမ်းကျင်ဝန်ထမ်းများ ရရှိရေးကိစ္စတို့ကို ဆွေးနွေးလိုကြောင်း၊ မလေးရှားနိုင်ငံမှ စားအုန်းဆီ၊ ကားတာယာ၊ အချိုရည်သုံးပစ္စည်းများ၊ ရှေးဦးသူနာပြုပစ္စည်းကိရိယာများ၊ ထုပ်ပိုးပစ္စည်းများ၊ ရေပိုက်သုံးပစ္စည်းများ၊ သံမဏိပစ္စည်းများ၊ ဓာတ်မြေဩဇာများ၊ အဆောက်အအုံ သုံးပစ္စည်းများ၊ ကားအပိုပစ္စည်းများ စသည်တို့ကို ပြန်လည်ရောင်းချလိုကြောင်း၊ ထို့အပြင် စက်မှုလုပ်ငန်း၊ လယ်ယာအခြေခံ စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ဓာတ်မြေဩဇာထုတ်လုပ်မှုလုပ်ငန်း၊ ရေသန့်ထုတ်လုပ်မှု လုပ်ငန်း စသည်တို့တွင်လည်း အကျိုးတူရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုကြောင်း သိရှိရသည်။

နှစ်ဦးနှစ်ဖက် တွေ့ဆုံဆွေးနွေးလိုပါက ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်သို့ မေ ၇ရက်အရောက် အမည်စာရင်း ပေးသွင်းနိုင်ကြောင်းနှင့် ဖုန်း-၂၁၄၃၄၄မှ ၂၁၄၃၄၉ အထိ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး(ဗဟို) ရန်ကုန်တိုင်း ပထမအကြိမ် သက်ကြီးပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၂၉

မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး(ဗဟို) ရန်ကုန်တိုင်း၏ ပထမအကြိမ် သဘင် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အလုံမြို့နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး(ဗဟို)မှ တာဝန်ရှိသူများက ရန်ကုန်တိုင်း ပထမအကြိမ် သဘင် သက်ကြီးပူဇော်ပွဲကျင်းပရခြင်းနှင့် ကန်တော့ခံသက်ကြီး ပညာရှင်များရွေးချယ်သတ်မှတ်မှုများကို ရှင်းလင်းတင်ပြကြသည်။ **(ဓါတ်ပုံ)**

ထို့နောက် မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)အမှုဆောင်အဖွဲ့ဝင်များက ကန်တော့ခံ သက်ကြီး သဘင်ပညာရှင်များအား ကန်တော့ပစ္စည်းများပေးအပ်၍ ပူဇော်ကန်တော့ကြပြီး ကန်တော့ခံ သက်ကြီးပညာရှင်တစ်ဦးက ဩဝါဒစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

စီမံချက်မီတာများချပေးရာတွင် သတ်မှတ်နှုန်းထက် ငွေပိုမိုတောင်းခံမှုဖြင့် ဝက်ထီးကန်မြို့နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ဝန်ထမ်းသုံးဦးအား ထောင်ဒဏ်သုံးနှစ်စီ ပြစ်ဒဏ်ချမှတ်

နေပြည်တော် ဧပြီ ၂၉

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးစီးပွားကို ထာဝစဉ်သယ်ပိုး ဖြည့်ဆည်းပေးလျက်ရှိသည်။ ထို့အပြင် မှန်ကန်သည့် တာဝန်ထမ်းဆောင်မှုပေးနိုင်ရေးအတွက် အထက်အကြီးအကဲများက အခါမလပ် လမ်းညွှန်မှာကြားလျက်ရှိပြီး ဝန်ကြီးဌာနများက ပြည်သူလူထု၏အကျိုးကို ကဏ္ဍအလိုက် ကောင်းမွန်မှန်ကန်သော နည်းလမ်းများဖြင့် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိသည်။

ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် ပြည်သူလူထုအပေါ် မမှန်မကန်မပြုနိုင်ရေးအတွက်လည်း ထိခိုက်နစ်နာသူဘက်က နည်းလမ်းတကျ တိုင်ကြားနိုင်သည့်လမ်းကြောင်းများကို ဖွင့်ပေးလျက်ရှိသည်။ တိုင်ကြားမှုတိုင်းအပေါ် စနစ်တကျ စုံစမ်းစစ်ဆေးမှုပြုလုပ်၍ မှန်ကန်ပါက ထိရောက်စွာအပြစ်ပေးအရေးယူလျက်ရှိသည်။

ထိုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများအရ ပဲခူးတိုင်း ပြည်မြို့နယ် ဝက်ထီးကန်မြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်လျှပ်စစ်မှူးတစ်ဦး၊ ဒု-မီတာစာရေး တစ်ဦး၊ လျှပ်စစ်အဆင့်(၂) ဝန်ထမ်းတစ်ဦးတို့အား စီမံချက်မီတာများချထားပေးရာတွင် သတ်မှတ်နှုန်းထက် ငွေပိုမိုတောင်းခံမှုဖြင့် ထောင်ဒဏ်သုံးနှစ်စီ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း၊ သက်သေခံ ငွေကျပ် ၃၇ သိန်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေးကို ဂုဏ်ပြုကြိုဆို၊ သန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် ဧပြီ ၂၉

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ (၁၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အဆောက်အအုံပရဝဏ် ပတ်ဝန်းကျင်၌ သန့်ရှင်းရေး ဆောင်ရွက်ကြသည်။ (အောက်ပုံ)

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများနှင့် တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ စုပေါင်း၍ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း အဆောက်အအုံ ပရဝဏ်အတွင်း၊အပြင် ပတ်ဝန်းကျင်၌ သန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်း အဆောက်အအုံရှေ့ရှိ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း သင်္ကေတပုံ ရုပ်တုအား သန့်ရှင်းရေးဆောင်ရွက်ခြင်းများကို ဆောင်ရွက်ကြသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကြီးမှူးဖွင့်လှစ်သော ကျန်းမာရေးပညာပေးသင်တန်းကို ဧပြီ ၂၅ရက်က မြို့နယ်အသင်းရုံးတွင်ကျင်းပရာ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ဝင်း အဖွင့်အမှာစကား ပြောကြားစဉ်။

(၆၃)

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် အဘိဓဇ သုံးထပ်ဆွမ်းစားကျောင်းတော်ကြီး ကျောင်းလွှတ်ပူဇော်ပွဲ ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

ထို့နောက် အဆိုတော် နှင်းရီသန့်က **"အောင်သပြေလောင်းလို့ အောင်စေကြောင်း ဆုတောင်းခြင်း"** တေးထပ်ဖြင့် သီဆိုပူဇော်သည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် အဆိုတော် နှင်းရီသန့်နှင့် နှင်းနှင်းထူးတို့က **"ကျောင်းရေစက်ချပွဲ ပိုဒ်စုံရတု"**ဖြင့် ရွတ်ဆိုပူဇော်ကြသည်။

လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နိုင်ငံတော်ဩဝါဒါစရိယ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်နှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယနာယကချုပ် ဗန်းမော်ဆရာတော်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ သာသနာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယနာယကချုပ် ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ အနုမောဒနာတရားနှင့် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် လုရတနာဆရာတော် သ-စ-အ ဓမ္မာစရိယ ပထမကျော် အဂ္ဂမဟာ အကျော် ဝင့်သကာဝိနယ ပါဠိပါရဂူ ဘဒ္ဒန္တနာရဒါဘိဝံသထံမှ ရေစက်ချ အနုမောဒနာတရားတို့ကို ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက နာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

သီတဂူ ဓမ္မပူဇာသဘင်

ရန်ကုန် ဧပြီ ၂၉

ဥက္ကလာဦး ဓမ္မဆုတောင်းပြည့် စေတီ လုံးတော်ပြည့် ကြွေပြားနှင့် ရွှေသင်္ကန်း ကပ်လှူပြီးစီးအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ဧပြီ ၃၀ ရက် (တနင်္လာနေ့) ကဆုန်လပြည့်နေ့တွင် အရှင်တေဇိန္ဒာဘိဝံသ (ဓမ္မကထိက)၊ မေ ၁ ရက် (အင်္ဂါနေ့)တွင် အရှင်ဒေဝိန္ဒာဘိဝံသ (ဓမ္မကထိက) နှင့် မေ ၂ ရက် (ဗုဒ္ဓဟူးနေ့)တွင် သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (Ph.D, D.Litt) က ဥက္ကလာဦး ဓမ္မဆုတောင်းပြည့်စေတီ မုခ်ဦး ပြည်သာယာလမ်း အထက(၂) သဃ်န်းကျွန်းကျောင်းရှေ့တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ညစဉ် ၇ နာရီမှစ၍ ဟောကြားမည်ဖြစ်သည်။

ဥက္ကလာစေတီနှင့် သီတဂူ သာသနာပြု လုပ်ငန်းများအတွက် ကြိုတင် လှူဒါန်းလိုပါက ဖုန်း- ၅၅၈၈၄၉ နှင့် ၅၇၁၁၉၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အလှူရှင် စက်ရေတွင်းဖွင့်လှစ်

ရန်ကုန် ဧပြီ ၂၉

ဘုတလင်မြို့နယ် ကွမ်းအုံမြို့စုရွာသာကျေးရွာ၌ နှစ်လက်မစက်ရေတွင်း၊ ရေကန်၊ ရေစက်ရုံတို့ ဖွင့်ပွဲကို ဧပြီ ၁၇ ရက်က မြင်သာကျေးရွာ ဘုန်းကြီးကျောင်းတွင် ပြုလုပ်ရာ အလှူရှင် ဒေါ်စောတင်အေး မိသားစုက သံဃာတော်ငါးပါးအား ဆွမ်းဆက်ကပ်လှူဒါန်း အမျှပေးဝေသည်။ ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးစိုးလွင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်လင်း၊ အလှူရှင် ဒေါ်စောတင်အေးတို့က ကျေးရွာနေပြည်သူများ သောက်သုံးရေသုံးစွဲရန် စက်ရေတွင်းအား ဖွင့်လှစ်ပေးသည်။ စက်ရေတွင်း အနက်မှာ ပေ ၄၂၀ ဖြစ်ပြီး ရေထွက်နှုန်း တစ်နာရီ ဂါလန် ၁၅၀၀ ထွက်ရှိ၍ ကုန်ကျငွေ ကျပ် ၁၄ သိန်း ဖြစ်ကြောင်း သိရသည်။ (က-ပ)

နိကာယ်သင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဧပြီ ၂၉

ဗဟန်းမြို့နယ် ဓမ္မသုခကျောင်းတိုက် အောင်သိဒ္ဓိကျောင်း စာချကထိက အာဂုံဆောင်ကျမ်းများနှင့် နိကာယ်အဖွင့်ကျမ်းများ ကျမ်းပြုအရှင်စန္ဒဇောတိ(ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်) ဦးစီးဖွင့်လှစ်သော အာဂုံဆောင် နိကာယ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက အဆိုပါကျောင်း၌ကျင်းပရာ ဓမ္မသုခကျောင်းတိုက် နာယက နိုင်ငံကျော်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ မင်္ဂလာသိင်္ဂီ ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ **(ယာပုံ)**

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ အရှင်စန္ဒဇောတိက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း မိန့်ကြားတော်မူပြီး စမ်းချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ဆရာတော် သံဃာတော်များအား အလှူရှင်များက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရေနံချောင်း ဆရာတော် ဘဒ္ဒန္တတေဇနိယ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ)က ရေစက်ချတရားချီးမြှင့်ရာ ပရိသတ်များက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

(ကြေးမုံ)

အောင်ဗောဓိ ဆုတောင်းပြည့် စေတီတော် ကဆုန်ညောင်ရေသွန်းပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၉

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၂၀)ရပ်ကွက် အောင်ဗောဓိ ဆုတောင်းပြည့် စေတီတော်ဝင်းအတွင်းရှိ သီရိလင်္ကာနိုင်ငံမှ ဓမ္မလက်ဆောင်အဖြစ် ရရှိသော ဗောဓိညောင်ပင်အား ညောင်ရေသွန်းပွဲတော်ကို ဧပြီ ၃၀ ရက် (ကဆုန်လပြည့်နေ့)တွင် ကျင်းပမည်ဖြစ်ရာ ဦးတင်လတ်-ဒေါက်တာစန်းစန်းဝင်း (စိန်ဒိုင်းမွန်း သဘော်ဆေးကုမ္ပဏီလီမိတက်)တို့က လှူဒါန်းထားသော ဘုရားလိုဏ်ဝင်းအတွင်းရှိ ဂေါတမ ကြေးသွန်းဘုရားကြီးအား အနေကဇာတင်ခြင်းနှင့် အရဏ်ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များက စည်ကားသိုက်မြိုက်စွာ ညောင်ရေသွန်းလောင်းကြမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ကိုယ်အင်္ဂါ မသန်စွမ်းသူများအသင်းသို့ အလှူငွေပေးအပ်

ရန်ကုန် ဧပြီ ၂၉

မြန်မာနိုင်ငံ ကိုယ်အင်္ဂါ မသန်စွမ်းသူများအသင်းသို့ စေတနာရှင်များ၏ အလှူငွေ ပေးအပ်ပွဲကို ဧပြီ ၂၈ ရက် မွန်းလွဲပိုင်းတွင် အသင်းတည်ရှိရာ လမ်းမတော်မြို့နယ်ရှိ ရွှေမင်းသားကုမ္ပဏီလီမိတက်ရုံးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဒေါက်တာအေးကိုက အမှာစကားပြောကြားပြီး အလှူရှင်များကိုယ်စား ဦးစိုးလွင်က လှူဒါန်းရခြင်းအကြောင်း ရှင်းပြကာ ဘဏ္ဍာရေးမှူး ဦးစိန်ထွေးက အလှူရှင်များ လှူဒါန်းသော အလှူငွေများကို လက်ခံရယူသည်။ **(အောက်ပုံ)**

ထို့နောက် တာဝန်ရှိသူများက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး ဒုတိယဥက္ကဋ္ဌ ဦးမြတ်သူဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။ (က-ပ)

ကြေးပိဋကတ်တော် ပြုလုပ်ရေး ငွေလှူဒါန်း

ရန်ကုန် ဧပြီ ၂၉

ပိဋကတ်သုံးပုံ ပါဠိတော်များကို ကြေးပြားသွန်းလုပ် ပူဇော်ရေးအတွက် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ်ချင်းလမ်း မင်္ဂလာတိုက်ကျောင်း ကျောင်းတော်ရာ ရွှေကျင်တိုက် ဆရာတော် ဘဒ္ဒန္တဉာဏ ဦးဆောင်၍ ဆောင်ရွက်လျက်ရှိရာ ကွယ်လွန်သူ မိဘများနှင့် ဦးရီးတို့အား ရည်စူး၍ သားသမီး မြေးများဖြစ်ကြသော ဒေါ်ကျော့မေ (အခွန်ဦးစီး)၊ ဒေါ်အေးမေ (ကျောင်းဆရာမ)၊ ဦးထွန်းစိန်-ဒေါ်ရွှေရွှေ၊ ဦးကျော်စိန်နှင့် မဆုဝေမိုး၊ မဆုနွယ်မိုး၊ မောင်ကျော်ဇော်လင်း (ချယ်ရီစတိုး) မိသားစု၊ လမ်းမကြီး ရှုပတောင် စစ်တွေမြို့တို့က ယမိုက်ကျမ်း တတိယအုပ် ကြေးသေတ္တာတစ်လုံးအတွက် ငွေကျပ် ၁၂၀၀၀၀ ကို လာရောက်လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

ကြေးပိဋကတ်တော် ပြုလုပ်ရေးအတွက် ကုသိုလ်ပါဝင် လှူဒါန်းလိုပါက ကြေးပြားတစ်ချပ်လျှင် ငွေကျပ် ၂၅၀၀၀ နှုန်းဖြင့် မင်္ဂလာတိုက်ကျောင်း ကျောင်းတော်ရာ ရွှေကျင်တိုက် ဖုန်း-၅၄၈၈၀၅၊ ၀၉-၅၁-၈၅၂၀၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပုသိမ်မြို့ ရွှေမုဋ္ဌောစေတီတော် ဗုဒ္ဓဝေယျာဝစ္စလူငယ်များအဖွဲ့ ဧပြီ ၂၂ ရက်တွင် ပုသိမ်မြို့ ကျောက်ငူဆိပ်ကမ်း၌ ငဝန်မြစ်အတွင်းသို့ ငါးကောင်ရေနှစ်သိန်း ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပပြီး အမှတ်တရ ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

➪ ထန်းတပင်မြို့နယ်မှ

ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ်တစ်သောင်းနှင့် ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ်ငါးထောင် စုစုပေါင်း ငွေကျပ် ၈၅၀၀၀ကို စာကြည့်တိုက်တာဝန်ခံထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက်တိုင်းမှူးသည် စပါးခွံလောင်စာသုံး ဓာတ်ငွေ့ထုတ်စက်ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းမှူးနှင့်ဇနီးတို့သည် စံပြကျေးရွာ၏ ခြံစည်းရိုးကြက်ဆူ ပျိုးဥယျာဉ်ကို ကြည့်ရှုကြပြီး ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် မျိုးကိုင်းများကို ပျိုးထုပ်များအတွင်း ပျိုးထောင်ပေးကြကာ တာဝန်ရှိသူများနှင့်အတူ ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးကြသည်။

❍ ပဲခူးတိုင်းမှ

လည်းကောင်း ဆုများအသီးသီး ချီးမြှင့်သည်။ ထို့နောက် တိုင်းမှူးနှင့် ဧည့်သည် တော်များသည် ပြခန်းအတွင်း လှည့်လည်ကြည့်ရှုသည်။ ရက်သတ္တပတ် လှုပ်ရှားမှုများအဖြစ် ယာဉ်စည်းကမ်း ဟောပြောပွဲနှင့် ရောင်တခင် စစ်ဆေးမှု ပညာပေးမှုများကို မေ ၂၉ ရက်အထိ ကျင်းပကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

(အိုင်စီဒီဒီအာဘီ)မှ သိပ္ပံပညာရှင်များသည် ဒါကာဆေးရုံ၌ ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကာကွယ်ဆေး၏ စိတ်ချရမှုနှင့် ထိရောက်မှုတို့ကို စမ်းသပ်ခဲ့ကြသည်။ ယင်းစမ်းသပ်မှုကို အခြေခံလျက် ဒေါက်တာဖိဒူဆီကွာဒရီ၊ ဒေါက်တာမိုဟာမက်ယူနွတ်၊ ဒေါက်တာအဗ္ဗဒူဆလမ်၊ ဒေါက်တာ ဒေးဗစ်ဆက်ခ်နှင့် ဝါရင့်သိပ္ပံပညာရှင်များကကာကွယ်ဆေးကို အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့သည်။ ယခုအခါ အဆိုပါကာကွယ်ဆေးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ အပါအဝင် နိုင်ငံ ၅၀ ကျော်၌ မှတ်ပုံတင်ထားပြီးဖြစ်သည်။

ဝမ်းပျက်၊ဝမ်းလျှောရောဂါကာကွယ်ဆေး တိုက်ကျွေးခြင်းဖြင့် လူပေါင်းများစွာအား အသက်အန္တရာယ်မှ ကယ်တင်နိုင်မည်ဖြစ်ကြောင်း၊ အထူးသဖြင့် ကလေးများအား အသက်အန္တရာယ်မှ ကယ်တင်နိုင်မည်ဖြစ်ကြောင်း သုတေသီများက ပြောကြားသည်။

ယင်းရောဂါ ကာကွယ်ဆေးမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ဘင်္ဂလားဒေ့ရှ် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဌာနတို့၏ ခွင့်ပြုချက်ကိုလည်းရရှိထားပြီးဖြစ်သည်။ ရောဂါကာကွယ်ဆေးကို နှစ်ကြိမ်သောက်ရမည်ဖြစ်ပြီး တစ်ကြိမ်နှင့်တစ်ကြိမ် ၁၄ ရက်ခြားရမည်ဖြစ်သည်။

ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကာကွယ်ဆေး၏ ကုန်အမှတ်တံဆိပ်အမည်မှာ ဒူကော်ရယ်လ်ဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ပထမဆုံးစတင်ဖြန့်ချိသည့် ကာကွယ်ဆေးဖြစ်ကြောင်း၊ ဆေးထုတ်လုပ်နိုင်ခြင်းမှာ အရေးပါသည့် အောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်း အိုင်စီဒီဒီအာဘီ အမှုဆောင် ညွှန်ကြားရေးမှူး ဒေါက်တာ ဒေးဗစ်ဆက်ခ်က ပြောကြားသည်။

ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကာကွယ်ဆေးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ တစ်ဝန်းရှိ အရောင်းဆိုင်များတွင် ရရှိနိုင်ပြီး လူတစ်ဦးအတွက် နှစ်ခါသောက်ဆေးပမာဏ တန်ဖိုးမှာ တာကာ ၂၄၀၀ ဖြစ်သည်။ အဆိုပါဆေးကို အာရှ၊ အာဖရိကနှင့် လက်တင်အမေရိက နိုင်ငံများတွင် လက်တွေ့ စမ်းသပ်ခဲ့ပြီးဖြစ်သည်။ လောလောဆယ်တွင် လူကြီးများနှင့် နှစ်နှစ်အထက် ကလေးများအတွက်သာ အသုံးပြုရန် ထောက်ခံချက် ရရှိထားသည်။

အင်တာနက်

၂၀၀၆ခုနှစ် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်ကြေညာ

ရန်ကုန် မေ ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၀၆ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပခဲ့သည့် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲအောင်စာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

အဘိဓမ္မာစာမေးပွဲတွင် စာဖြေဌာနပေါင်း ၁၂၆ ဌာနတို့၌ ဖြေဆိုသူ ၁၄၈၃၈ ဦး၊အောင်မြင်သူ ၁၀၅၅၂ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ ၁၇၀၄ ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ (ထူးချွန်ဆု)ရရှိကြသူများမှာ တစ်ပြည်လုံး ပထမ ခုံအမှတ်–၁၃၆ မတိက္ခာစာရီ မရမ်းကုန်းစာဖြေဌာန မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်း၊ တစ်ပြည်လုံး ဒုတိယ ခုံအမှတ်–၃၃ မောင်ခုတ်မွန်လျှန် ဒဂုံဆိပ်ကမ်းစာဖြေဌာန ဒဂုံ(ဆိပ်ကမ်း)မြို့နယ် ရန်ကုန်တိုင်း၊ တစ်ပြည်လုံးတတိယ ခုံအမှတ်–၁၇ ခွန်ဆန်းမင်းထွန်း ဒဂုံဆိပ်ကမ်းစာဖြေဌာန ဒဂုံ (ဆိပ်ကမ်း)မြို့နယ် ရန်ကုန်တိုင်းတို့ဖြစ်ကြသည်။

အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၉၃ဌာနတို့၌ ဖြေဆိုသူ ၄၂၂၇ဦး၊ အောင်မြင်သူ ၂၆၉၁ဦး၊ နှစ်ချင်းပေါက် သုံးဆင့်အောင်မြင်သူ ၆၈၆ ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု) ရရှိကြသူများမှာ တစ်ပြည်လုံးပထမ ခုံအမှတ်–၁၆ မောင်ဇင်မင်းဦး မိတ္ထီလာစာဖြေဌာန မိတ္ထီလာမြို့ မန္တလေးတိုင်း၊ တစ်ပြည်လုံး ဒုတိယ ခုံအမှတ်–၁၅ မောင်သန်းလှိုင် မင်းပြားစာဖြေဌာန မင်းပြားမြို့ ရခိုင်ပြည်နယ်၊ တစ်ပြည်လုံး တတိယ ခုံအမှတ်–၁၀ မယဉ်ယဉ်နွယ် လပွတ္တာစာဖြေဌာန လပွတ္တာမြို့ ဧရာဝတီတိုင်းတို့ဖြစ်ကြသည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၆၈ဌာနတို့၌ ဖြေဆိုသူ ၂၆၀၈ ဦး၊ အောင်မြင်သူ ၁၂၈၃ဦး၊ နှစ်ချင်းပေါက် သုံးဆင့်အောင်မြင်သူ ၂၁၉ ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံးပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု) ရရှိကြသူများမှာ တစ်ပြည်လုံး ပထမ ခုံအမှတ်–၁၉ ဒေါ်တင်တင်မြင့် ချမ်းအေးသာစံစာဖြေဌာန ချမ်းအေးသာစံမြို့နယ် မန္တလေးတိုင်း၊ တစ်ပြည်လုံး ဒုတိယ ခုံအမှတ်–၃ မခင်မာတင် ကျောက်မဲစာဖြေဌာန ကျောက်မဲမြို့ ရှမ်းပြည်နယ်၊ တစ်ပြည်လုံး တတိယ ခုံအမှတ်–၄ ဒေါ်စန်းရွှေ ကျုံပျော်စာဖြေဌာန ကျုံပျော်မြို့ ဧရာဝတီတိုင်း တို့ဖြစ်ကြသည်။

အောင်စာရင်းအပြည့်အစုံကို မြို့နယ် သံဃနာယကအဖွဲ့ရုံးများနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများတွင် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထို့နောက် နဲသမိန်တိုက်နယ်ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေပေးအပ်ပွဲအခမ်းအနားကို မူလတန်းကြိုကျောင်းခန်းမ၌ ကျင်းပသည်။

တိုင်းမှူးက စံပြကျေးရွာဖွင့်လှစ်နိုင်ခြင်းအတွက် ဂုဏ်ပြုအမှာစကား ပြောကြားပြီး ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက စံပြကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေကျပ် ၂၀၀၀၀၀ကို ပေးအပ်လှူဒါန်းပြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာများကို လက်ခံသည်။

ယင်းနောက် နဲသမိန်တိုက်နယ်ဆေးရုံအတွက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းသည့် ငွေကျပ် ၁၀သိန်းကို တိုင်းမှူးက လည်းကောင်း၊ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နှင့် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းတို့က ငွေကျပ်တစ်သိန်းစီအပါအဝင် စေတနာရှင်အလှူရှင်များက ငွေကျပ် ၉၅၀၀၀၀ ကိုလည်းကောင်း၊ စုစုပေါင်း အလှူငွေကျပ် ၁၉၅၀၀၀၀ကို ခေတ္တ မြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်ခင်မျိုးလတ်ထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းမှူးနှင့်ဇနီးတို့သည် နဲသမိန် တိုက်နယ် ၁၆ခုတင်ဆံ့ ပြည်သူ့ဆေးရုံသို့သွားရောက်၍ လူနာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးသည် ဆေးရုံသားဖွားခန်း၊ ဆေးသိုလှောင်ခန်း၊ အလှူရှင်ဦးချစ်ဖေ၊ ဒေါ်မယ်အုံ့လှူဒါန်းသည့် သံဃာဆောင်၊ အလှူရှင် ဦးစွမ်ကျင်၊ ဦးကျင်စွမ်နှင့် ဦးစိန်လင်းမိသားစု တို့က ဆောက်လုပ်လှူဒါန်းသော ငွေကျပ်သိန်း ၆၀ တန်ဖိုးရှိ တိုက်နယ်ဆရာဝန်နေအိမ်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ထန်းတပင်မြို့နယ် သံပုရာကုန်းကျေးရွာအနီးရှိ ဒေါ်မေ၏လယ်မြေ၌ ကျင်းပသည့် နွေစပါးစံကွက်ရိတ်သိမ်းပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ယင်းနောက် တိုင်းမှူးက စပါးအထွက်တိုးစေရေးအတွက် မျိုးကောင်းမျိုးသန့်ရွေးချယ်သုံးစွဲကြရေး၊ စပါးတစ်မိုးနှစ်သီး စနစ်တကျ စိုက်ပျိုးကြရေးတို့ကို မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ထန်းတပင်မြို့နယ် ထိန်နှစ်ပင်ကျေးရွာအနီးရှိ တောင်သူ ဦးပေသီး၏ အစေ့ထုတ်ပြောင်း စိုက်ခင်း ၁၀ဧကကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ် ယာဉ်ရပ်မှတ်တိုင်များ၌ အသိပညာပေးဆောင်ရွက်

ရန်ကုန် မေ ၂၉

ပထမအကြိမ် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ် နောက်ဆုံးနေ့အဖြစ် ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီနှင့် လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ ယာဉ်ရပ်မှတ်တိုင်များ၌ အသိပညာပေး ဆောင်ရွက်မှုကို ယနေ့နံနက် ၆နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့ရှိ သတ်မှတ်နေရာ အသီးသီး၌ ကျင်းပသည်။

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူး ဒုတိယရဲမှူးကြီး အောင်နိုင်နှင့် တာဝန်ရှိသူများသည် နံနက် ၈နာရီတွင် ရန်ကုန်– ပြည်လမ်း ရာမညဆောင်ရှေ့ယာဉ်ရပ်မှတ်တိုင်၌ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက လိုင်းကားများ စနစ်တကျ ခရီးသည် အတင်အချ ပြုလုပ်နိုင်ရန် ကူညီဆောင်ရွက်ပေးနေမှုနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

အလားတူဆူးလေဘုရားလမ်းပေါ်ရှိ ဇင်ယော်မုန့်တိုက်ရှေ့၊ မဟာဗန္ဓုလလမ်းပေါ်ရှိ ပန်းဆိုးတန်းလမ်း၊ မဟာဗန္ဓုလလမ်းပေါ်ရှိ ကုန်းဈေးတန်းလမ်းနှင့်မော်တင်လမ်း၊ အနော်ရထာလမ်းပေါ်ရှိ မဟာဗန္ဓုလပန်းခြံလမ်းနှင့်လသာလမ်း၊ ကုန်သည်လမ်းပေါ်ရှိ ဆိပ်ကမ်းသာလမ်းနှင့်လမ်း(၃၀)၊ ကမ္ဘာအေးစေတီလမ်းပေါ်ရှိ ဗဟန်း(၃)လမ်း၊ ပြည်လမ်းပေါ်ရှိ မြေနီကုန်း ရတနာပုံရုပ်ရှင်ရုံရှေ့နှင့် လှည်းတန်းလမ်းဆုံ(ရာမညဆောင်ရှေ့)၊ အင်းစိန်လမ်းပေါ်ရှိ သမိုင်းလမ်းဆုံ၊ ပြည်လမ်းပေါ်ရှိ (၈)မိုင်လမ်းဆုံနှင့် ကျိုက္ကဆံလမ်းပေါ်ရှိ တာမွေယာယီဈေး ယာဉ်ရပ်မှတ်တိုင်အသီးသီး၌ ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများနှင့် တာဝန်ကျ ယာဉ်ထိန်းအရာရှိများသည် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပူးပေါင်း၍ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးကူညီဆောင်ရွက်ကြသည်။ (သတင်းစဉ်)

စတုဘုမ္မိက တရားစခန်းပွဲ

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်း ခရမ်းမြို့ စတုဘုမ္မိကမဟာသတိပဋ္ဌာန်ကျောင်းတိုက်၌ ဆရာတော် ဘဒ္ဒန္တစိတ္တိတနှင့် ဘဒ္ဒန္တကုမာရ (သာသနဓဇဓမ္မာစရိယ ဝိနယဝိဒူ၊ ကမ္မဋ္ဌာနာစရိယ)တို့က ရွှေမင်းဝံဂှက်တွင်း ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခုနစ်ရက်တရားစခန်းကို မေ ၁၆ ရက်မှ ၂၂ ရက်အထိ စတုဘုမ္မိက သာသနာပြန့်ပွားရေးအကျိုးတော်ဆောင်အဖွဲ့၌ ဖွင့်လှစ်မည်ဖြစ်ရာ ယောဂီများတစ်ရက်ကြိုတင် ရိပ်သာဝင်ကြရမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ဆွေးနွေးပွဲ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် အမှာစကားပြောကြား

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် မေ ၂၆ ရက်တွင် မွန်ပြည်နယ် ရာမညခန်းမ၌ လည်းကောင်း၊ မေ ၂၇ ရက်တွင် ကရင်ပြည်နယ် ဇွဲကပင်ခန်းမ၌ လည်းကောင်း ကလေးသူငယ် ကာကွယ် စောင့်ရှောက်မှုဆိုင်ရာ ဆွေးနွေးပွဲများသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းဆွေးနွေးပွဲများတွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်များ၏ ပြည်နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥက္ကဋ္ဌများက မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်များ၏ ကလေးသူငယ် အခွင့်အရေးများနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပထမအကြိမ် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ် ကင်းရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှု အထိမ်းအမှတ်အဖြစ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင် များဝေငှစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၀–၄–၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇း၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ **နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊တွဲဖက်အကျိုးတော်ဆောင်၊ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် သူဌေးတန်းကျောင်းဆရာတော် ဘဒ္ဒန္တမာနိတသိရီဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ဟောကြားတော်မူအပ်သော “ဗုဒ္ဓအခါတော်နေ့တရားတော်”**
- ၈း၁၅ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၃၀ ၆။ International News.
- ၈း၄၅ ၇။ Hill of Dhamma
- ၉း၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ ဓမ္မပူဇာတေးအစီအစဉ်
- ၄း၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၅း၀၀ ၅။ အကပဒေသာ
- ၅း၁၀ ၆။ မြန်မာစာ၊ မြန်မာစကား
- ၅း၂၀ ၇။ **ဒီအိုတီအက်စ် (ဖိုးဖြူ၊ ကျော်ထူး၊ ခိုင်သင်းကြည်၊ ကြူကြူသင်း) (ဒါရိုက်တာ–သိန်းဟန်[ဖီးနစ်])**
- ၅း၂၅ ၈။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၅း၃၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
- ၅း၄၅ ၁၀။ ကဆုန်လပြည့်နေ့တေးများ
- ၆း၀၀ ၁၁။ ညနေခင်းသတင်းများ
- ၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၃။ အလှူရှာမယ် လှူကမ္ဘာဝယ်
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်သစ္စာ ဘဝပင် ခြားသော်လည်း” (အပိုင်း–၁၄)**
- ၇း၅၀ ၁၅။ ကုသိုလ်ပန်းဝေသွန်းညောင်ရေ
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ရေသူမလေး ဒုတိယချစ်ပုံပြင်” (အပိုင်း–၅)**
- ၂၁။ သီတဂူ ဆရာတော် အရှင်ဉာဏိဿရ၏ ကဆုန်လပြည့်နေ့ ဗုဒ္ဓနေ့တရားတော် (သံဝေဇနိယလေးဌာန) (ဖွား၊ ပွင့်၊ ဟော၊ စံ)
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး အရှိန်အဟုန်မြှင့်ဆောင်ရွက် ပညာပေးမှုနှင့်အတူ စစ်ဆေးအရေးယူမှုများကိုပါ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်လို

နေပြည်တော် ဧပြီ ၂၉

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ (၁၁/၂၀၀၇) အစည်းအဝေးကို ယမန်နေ့ ညနေ ၄ နာရီတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီနာယက၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ နေပြည်တော်ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် ဆပ်ကော်မတီဝင်များ၊ ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်များမှ ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ယာဉ်လိုင်းအသီးသီးမှ တာဝန်ခံများ တက်ရောက်ကြသည်။

မှာကြား

ရှေးဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားရာတွင် သင်္ကြန်ကာလ အတွင်း၌ ယာဉ်တိုက်ခိုက်မှုများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်မှုများ များပြားလာသည်ကို တွေ့ရှိရသဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးလုပ်ငန်းများကို ပိုမိုအရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဆောင်ရွက်ရာတွင်လည်း ပိုမိုထိထိရောက်ရောက် ဆောင်ရွက်သွားရန်နှင့် ပညာပေး ဆောင်ရွက်မှုနှင့်အတူ စစ်ဆေးအရေးယူမှုများကိုပါ အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန်လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ယခင်အစည်းအဝေး မှတ်တမ်းကို ဖတ်ကြားတင်ပြပြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အရေးယူဆောင်ရွက်မှု အခြေအနေများနှင့် ယာဉ်တိုက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဆပ်ကော်မတီများ၊ မြို့နယ်ဥက္ကဋ္ဌများနှင့် ယာဉ်လိုင်းအသီးသီးမှ တာဝန်ခံများက ဆွေးနွေးတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးက ယာဉ်တိုက်မှု၊ တိမ်းမှောက်မှုဒဏ်ရာရရှိမှုများမှာ များပြားလာသဖြင့် မေလမှစတင်၍ ယာဉ်စည်းကမ်းထိန်းသိမ်းမှု လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရေး၊ စစ်ဆေးအရေးယူမှုများကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ ထိရောက်ပြစ်ဒဏ်ချမှတ်ခြင်းဖြင့် ယာဉ်တိုက်မှု ကျဆင်းသွားအောင် ဆောင်ရွက်ရေး၊ နေပြည်တော်ဒေသသည် တည်ဆောက်ရေးကာလဖြစ်၍ တည်ဆောက်ရေး ကုမ္ပဏီများ၏ယာဉ်များသာ ယာဉ်တိုက်မှု၊ တိမ်းမှောက်မှုများပြားသည်ကို တွေ့ရသောကြောင့် ကုမ္ပဏီယာဉ်မောင်းများအား ရက်တိုပညာပေး သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ရေး တို့ကို နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျိုက်ထိုဆရာတော်နှင့် မြိုင်ဆရာတော် အထူးတရားပွဲ

ရန်ကုန် ဧပြီ ၂၉

ရှမ်းပြည်နယ် တောင်ကြီးမြို့ သာသနာ့အကျိုးတော်ဆောင်များက ကြီးမှူးကျင်းပသော မင်းကျောင်းတိုက် ဓမ္မသဘင်နှင့် အေးစေတီဘုရား ဓမ္မသဘင်၌ မေ ၂ ရက်၊ ၄ ရက်တွင် နိုင်ငံတော် ၁၁ ဘွဲ့ရ ကျိုက်ထိုဆရာတော် ဘဒ္ဒန္တ နန္ဒောဘာသာဘိဝံသ ဆရာတော်ကလည်းကောင်း၊ မေ ၃ ရက်နှင့် ၅ ရက်တွင် ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဖြူးဆရာတော်၏တပည့် မြိုင်ဆရာတော် အရှင်ပညာဇောတ(ဓမ္မာစရိယ နယ်လှည့်ဓမ္မကထိက) အရှင်သူမြတ်ကလည်းကောင်း ညစဉ် ၇ နာရီမှစ၍ တရားတော်များ ဟောကြားမည်ဖြစ်သည်။

(က-ပ)

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ချစ်ကြည်ရေးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေး ခရီးရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ချစ်ကြည်ရေးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ H.E. Mr. Tran Trong Khanh ခေါင်းဆောင်သည့် အဖွဲ့ဝင် ခုနစ်ဦးပါရှိသည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ နံနက် ၈နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမဆောင်သို့ လာရောက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဆီအုန်း၊ သစ်သီးဝလံ၊ ပဲမျိုးစုံနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရေး ညှိနှိုင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ချစ်ကြည်ရေးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ H.E. Mr. Tran Trong Khanh **နှင့်အဖွဲ့လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

မိဘ ဦးတိတ်ပိန်-ဒေါ်ရှုဝင်နှင့် အစ်ကိုဦးခင်မောင်ထွေးတို့အား ရည်စူး၍ ဩစတြေးလျနိုင်ငံနေ ဦးအယ်လင်ချူး-ဒေါက်တာမြမြအေး မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူးခင်မောင်သွင်(ငြိမ်း) လက်ခံယူစဉ်။ (က-ပ)

၂၀၀၇ခုနှစ်မေလအတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

အနောက်တောင်မုတ်သုံလေသည် မေလဒုတိယ ၁၀ရက်ပတ်အတွင်း ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် မေလတတိယ ၁၀ရက်ပတ်တွင် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းသို့ ဝင်ရောက်ဖွယ်ရာရှိပါသည်။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး၊ ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အသင့်အတင့်မှ အားကောင်းနိုင်ပါသည်။

မိုးအခြေအနေ

ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ၁၅ရက်မှ ၂၀ရက်ခန့်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် ၁၀ရက်မှ ၁၄ရက်ခန့်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ၇ရက်မှ ၉ရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နေ့အပူချိန်

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖြစ်မြဲထက်ပိုကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ဖြစ်မြဲခန့်သာရှိမည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်၊ ဒု္ဌဝတီမြစ်၊ ရွှေကျင်မြစ်နှင့် ပဲခူးမြစ်တစ်လျှောက်ရှိ မြို့များတွင် မြစ်ရေများသည် လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်ရှိနိုင်ဖွယ်မရှိပါ။

၂၀၀၇ ခုနှစ် မိုးဦးကာလအတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

၁။ ၂၀၀၇ခုနှစ်၊ မိုးဦးကာလသတ်မှတ်ခြင်း

၂၀၀၇ခုနှစ် မိုးဦးကာလသည် မြန်မာနိုင်ငံအတွင်းသို့ အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက်သည့်နေ့မှ ၂၀၀၇ခုနှစ် ဇွန်လကုန်အထိဖြစ်ပါသည်။

၂။ ၂၀၀၇ခုနှစ်၊ မုတ်သုံလေဝင်ရောက်ခြင်း အခြေအနေခန့်မှန်းချက်

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအရပ်ရပ်သို့ အောက်ပါအတိုင်း ဝင်ရောက်ဖွယ်ရာရှိပါသည်-

(က) မေလ ဒုတိယ ၁၀ရက်ပတ်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများ

(ခ) မေလတတိယ ၁၀ရက်ပတ်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများနှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ

(ဂ) ဇွန်လ ပထမ ၁၀ရက်ပတ်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ

၃။ ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး၊ ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိလာနိုင်ပါသည်။

၄။ မိုးရွာသွန်းမှုအခြေအနေခန့်မှန်းချက်

ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ရွာသွန်းမြဲထက်ပိုကာ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့်စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် ရွာသွန်းမြဲ အောက်လျော့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်ပါသည်။

အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက်ချိန်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း၊ မိုးသည်းထန်ခြင်းနှင့် ခေတ္တမျှ လေပြင်းတိုက်ခတ်ခြင်းများ နေ့စဉ်လိုလိုပင်ဖြစ်ပေါ်တတ်ပါသည်။ မုတ်သုံလေဝင်ရောက်ပြီး တစ်ပတ်ခန့် အကြာတွင် မိုးထစ်ချုန်းရွာခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းတို့ လျော့နည်းသွားတတ်ပါသည်။

၅။ မြစ်ရေအခြေအနေခန့်မှန်းချက်

ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်၊ ဒု္ဌဝတီမြစ်၊ ရွှေကျင်မြစ်နှင့် ပဲခူးမြစ်တစ်လျှောက်ရှိ မြို့များတွင် မြစ်ရေများသည် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်ရှိနိုင်ဖွယ်မရှိပါ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀-၄-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၅။ မျိုးချစ်တပ်မတော်
၅:၁၀ ၆။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၃၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၁၅ ၁၀။ မိုးလေဝသသတင်း
၆:၂၀ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြစ်တစ်စင်းရဲ့သံစဉ်" (အပိုင်း-၄၅)**
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၆။ မေးမြန်းစူးစမ်း
၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မိုးနဂါးသိုင်းရှစ်ကွက် (အပိုင်း-၂၃)**
၁၉။ သင့်အတွက်မနက်ဖြန်
၂၀။ အပိတ်နှုတ်ဆက်စကား
၂၁။ ပြီးပါပြီ။

မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာတွင် ဆောက်လုပ်ဆဲ အိန္ဒိယ နိုင်ငံဆိုင်ရာ ပညာသင်မြန်မာ ရဟန်းတော်များ၏ အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက်သုံးခွမြို့နယ် တောစွန်းကန်ကျေးရွာနေ ဦးခွေး-ဒေါ်တင်ငွေ မိသားစုက ကျောင်းအလှူငွေကျပ် တစ်သိန်းကို ကျောင်းအကျိုးတော်ဆောင် ဆရာတော်(မဟာသိမ်တော်ကြီး စာချနာယက) ဦးဂန္ဓ သာရထံ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

မင်းကွန်းတောင်ရိုး ဓမ္မစေတီအောင်မြေတွင် မင်းကွန်းဓမ္မစေတီ ဆရာတော် ဦးဆောင်၍ တည်ထားသော ဓမ္မစေတီ ဖောင်ဒေးရှင်းအဖွဲ့မှ ဦးဆောင်၍ တည်ထား ကိုးကွယ်လျက်ရှိသော ဓမ္မစေတီကမ္ဘာ့အကြီးဆုံး တင်ပလ္လင်ခွေ ရုပ်ပွားတော်မြတ်ကြီး တည်ထား ကိုးကွယ်ရန်အတွက် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် တောလမ်းနေ (ဝင်းမေတ္တာပွဲရုံလုပ်ငန်း) ဦးဝင်း-ဒေါ်သိန်းမိသားစုက ဧပြီ၁၃ရက်တွင် ငွေကျပ် ၁၀သိန်း လှူဒါန်းစဉ်။

(က-ပ)

ကျွန်းမာရေးအဖွဲ့ချုပ် အာရှ၊ အရှေ့အာရှနှင့် သမုဒ္ဒရာကျွန်းနိုင်ငံများ ဒေသဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ ကွင်းဆင်းလေ့လာကြည့်ရှု

ရန်ကုန် ဧပြီ ၂၉

ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ချုပ်၊ အာရှ၊ အရှေ့အာရှနှင့် သမုဒ္ဒရာကျွန်းနိုင်ငံများ ဒေသဆိုင်ရာ ကော်မရှင်ဥက္ကဋ္ဌ President OIE Regional Commission for Asia, the Far East and Oceania Dr. Gardner Murray သည် OIE RCU ဒေသဆိုင်ရာ ညှိနှိုင်းရေးမှူး Dr. Ronella Abila လိုက်ပါလျက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့်နှင့် တာဝန်ရှိသူများ၊ မရမ်းကုန်းမြို့နယ် ကျန်းမာရေး ဦးစီးဌာန မြို့နယ်ကျန်းမာရေးအရာရှိ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကိုယ်စားလှယ်များနှင့်အတူ ဧပြီ ၂၇ရက် နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းအတွင်း ၂၀၀၇ခုနှစ် ဖေဖော်ဝါရီနောက်ဆုံးပတ် ပထမဦးဆုံးအကြိမ် ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ဖြစ်ပွားခဲ့သည့် မရမ်းကုန်းမြို့နယ် ကြက်မွေးမြူရေးခြံသို့ ကွင်းဆင်းလေ့လာကြည့်ရှုကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံမဇ္ဈိမဒေသဗုဒ္ဓဂယာမြေမြတ်မဟာရှိဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တက္ကသိုလ် ဘီအိုစီကောလိပ် (၁၉၄၇) အင်ဂျင်နီယာသင်တန်း (Engineering New Course) ကျောင်းသားများ၏ နှစ်(၆၀)ပြည့် အထိမ်းအမှတ်အဖြစ် ငွေကျပ်၈၂၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိမြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယက အကျိုးတော်ဆောင်ဆရာတော် အောင်တော်မူဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဓာတ်ပုံနှင့် ကွန်ပျူတာ ပန်းချီ/ပိုစတာပြိုင်ပွဲများဖိတ်ခေါ်

ရန်ကုန် ဧပြီ ၂၉

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပမည့် ၂၀၀၇ခုနှစ် ဇွန် ၂၆ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဓာတ်ပုံနှင့် ကွန်ပျူတာပန်းချီ/ပိုစတာ ပြိုင်ပွဲအတွက် စာမူနှင့်လက်ရာများအား ဖိတ်ခေါ်ပါသည်။

ပြိုင်ပွဲအတွက် သတ်မှတ်ထားသော စည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးကျင်းပမည့် ၂၀၀၇ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အတွက် မူးယစ်ဆေးဝါး ထုတ်လုပ်သုံးစွဲမှုပပျောက်ရေး ဦးတည်ရည်ရွယ်လျက် အနုပညာရသမြောက်စွာ ဖွဲ့ဆိုသီကုံး၊ ရေးဆွဲ ရိုက်ကူးရမည့် ဦးတည်ချက်ဆောင်ပုဒ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) မူးယစ်ကိုပစ် ပန်းတိုင်သစ်၊ စိတ်သစ်လူသစ် ဘဝသစ်

(ခ) အမှိုက်ကစ ပြာသာဒ်မီးလောင်၊ မူးယစ်ဆေးကို ဝေးဝေးရှောင်

(ဂ) မူးယစ်ကင်းစင်ကျန်းမာမှ တန်ဖိုးရှိလှ လူငယ်ဘဝ

(၂) **ဝတ္ထုတို**ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့် မိတ္တူပေါင်းနှစ်စောင် တင်သွင်းရမည်။ စာလုံးရေ ကန့်သတ်ချက်မှာ ၃၀၀၀ မှ ၅၀၀၀ အတွင်း ဖြစ်ပါသည်။

(၃) **ဆောင်းပါး**ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာ ထားရှိ၍ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ၊ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့်မိတ္တူ ပေါင်း နှစ်စောင် တင်သွင်းရမည်။ စာလုံးရေ ကန့်သတ်ချက်မှာ ၃၀၀၀ မှ ၅၀၀၀ အတွင်းဖြစ်ပါသည်။

(၄) **တေးသီချင်း**ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ တစ်ဦးချင်း (သို့မဟုတ်)အဖွဲ့နှင့် သီဆိုနိုင်သော တေးသီချင်းဖြစ်ပြီး ပရိသတ်နားစွဲလွယ်သော ကိုယ်ပိုင်သံစဉ်တေးသွားသီချင်းသစ်ဖြစ်ရမည်၊ သံစဉ်ရောစာသားပါ အကြောင်းအရာတင်ပြပုံ၊ ဦးတည်ချက်မှန်ကန်၍ စကားလုံး ကျစ်လျစ်ထိရောက်ရပါမည်။ ပြိုင်ပွဲဝင်မည့် တေးသီချင်းကို ကက်ဆက်ခွေဖြင့် အသံသွင်းပြီး ပြိုင်ပွဲဝင်တစ်ဦးလျှင် တေးသီချင်းတစ်ပုဒ်သာ ယှဉ်ပြိုင်ခွင့်ပြုပါမည်။ ပြိုင်ပွဲဝင်မည့် အပြီးသတ် အချောသွင်းထားပြီးဖြစ်သော ကက်ဆက်ခွေ Master (သို့) CD Master နှင့်အတူ စာသား ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်နှိပ်စက်ဖြင့်ဖြစ်စေ မိတ္တူနှစ်စောင်ကို ဂီတ သင်္ကေတမူရင်းတစ်ရွက်နှင့်အတူ ပေးပို့ရမည်။

(၅) **ကဗျာ**ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းမိတ္တူပေါင်း နှစ်စောင်တင်သွင်းရမည်။ ပြိုင်ပွဲဝင်ကဗျာသည် စပ်လုံးစပ်နည်းမှန်ကန်ပြီး စာကြောင်းရေ ၅၀ မှ ၁၀၀ အတွင်းရှိရမည်။

(၆) **ကာတွန်း၊ပန်းချီ၊ ပိုစတာ**ပြိုင်ပွဲနှင့်ပတ်သက်၍ အသက် ၁၀ နှစ်အောက်၊ ၁၀ နှစ်မှ ၁၅နှစ်အောက်၊ ၁၅နှစ်မှ၂၀အောက်၊ အသက် ၂၀နှင့် အထက်ဟူ၍ လေးဆင့်ယှဉ်ပြိုင်ခွင့်ပြုပါသည်။ အသက် အထောက်အထားအတွက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် ပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များက ဦးစီးကျင်းပမည့် လက်တွေ့ ရေးဆွဲယှဉ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရပါမည်။ ရေးဆွဲမည့်စက္ကူ ယူလာရန်မလို၊ နှစ်သက်ရာဆေးကို ယူလာပြီး နှစ်သက်ရာရေးနည်းဖြင့် သရုပ်ဖော်ရေးဆွဲ၍ အောက်ခြေတွင် လက်မှတ်ရေးထိုးရမည်။

(၇) **ဓာတ်ပုံ**ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ ပြိုင်ပွဲဝင်တစ်ဦးလျှင် (၁၀x၁၄)လက်မအရွယ် ဆေးရောင်စုံဓာတ်ပုံ လေးပုံအထိ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ မည်သည့်ကင်မရာအမျိုးအစားနှင့်မဆို ရိုက်ကူးယှဉ်ပြိုင်နိုင်သည်။ သို့ရာတွင် ဒီဂျစ်တယ်စနစ်ဖြင့် ပြုပြင်ထားခြင်းမပြုရ၊ နဂ္ဂတစ်(သို့) ဆလိုက်(သို့) ဒီဂျစ်တယ်ပုံဖြစ်ပါက Ex ip data အပြည့်အစုံပါသော Original Raw File (သို့) 300 dpi Resolution ရှိ (၁၀ x ၁၄) လက်မအရွယ် TIFF File CD-R အဖြစ်ထည့်သွင်း၍ ပေးပို့ရန်နှင့် မိမိကိုယ်တိုင် ရိုက်ကူးထားသော ပုံဖြစ်ရမည်။ အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော ပုံမဖြစ်စေရ၊ ပြိုင်ပွဲဝင်တစ်ဦးလျှင် ဆုကြီးတစ်ဆုနှင့် အထူးဆု နှစ်ဆုအထိသာ ခံစားခွင့်ရှိသည်။

မှတ်ချက်။ ။ ပြိုင်ပွဲဝင်ဓာတ်ပုံများ၏ နောက်ကျောတွင် ဓာတ်ပုံပညာရှင်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ မိမိကိုယ်တိုင် ရိုက်ကူးပြီး ဆုမရရှိဖူးသေးကြောင်း ဝန်ခံချက်အား ဓာတ်ပုံတစ်ပုံချင်း၏ နောက်ကျောတွင် ရေးသားလက်မှတ်ရေးထိုး၍ ပတ်စပို့အရွယ် ဓာတ်ပုံ နှစ်ပုံ၊ ကိုယ်ရေးအကျဉ်းတို့အား ပူးတွဲလျက် ပေးပို့ရမည်။

(၈) **ကွန်ပျူတာပန်းချီ**ပြိုင်ပွဲကို ပြည်နယ်၊ တိုင်းအလိုက်အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်ဟူ၍ နှစ်ဆင့်ခွဲ၍ ကျင်းပမည်ဖြစ်ပြီး အထက်တန်းအဆင့်အတွက် (၈၊၉၊၁၀)တန်း ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အလယ်တန်းအဆင့်အတွက် ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်းကျောင်းသူ၊ ကျောင်းသားများ ပါဝင်ယှဉ်ပြိုင်နိုင်၍ အောက်ပါ စည်းကမ်းချက်များအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) ကွန်ပျူတာပန်းချီပြိုင်ပွဲကို IBM ကွန်ပျူတာအမျိုးအစားဖြင့် ရေးဆွဲရန်၊ (Software Programme ကို Corel-draw, Photoshop, Claris office ကြိုက်ရာတစ်မျိုးမျိုးဖြင့် ရေးဆွဲနိုင်ပါသည်။)

(ခ) ရေးဆွဲချိန်နှစ်နာရီ သတ်မှတ်ရန်၊

(ဂ) လေဆာဓာတ်ပြား CD ဖြင့် ကူးယူ၍ ပြိုင်ပွဲဝင်ပုံစံနှင့်အတူ ပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့များမှတစ်ဆင့် ထောက်ခံချက်ဖြင့် မူးယစ်ဗဟိုရုံးသို့ ပေးပို့ရမည်။

(၉) **ကွန်ပျူတာ ဒစ်ဂျစ်တယ်ပိုစတာ** ပြိုင်ပွဲအား ပြည်နယ်၊ တိုင်းများတွင် အသက် ၁၅နှစ်အထက် အလွတ်တန်း တစ်တန်းတည်း ပြိုင်ပွဲဝင်တစ်ဦးလျှင် တစ်ပုံသာမည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ကွန်ပျူတာ ဒစ်ဂျစ်တယ်ပိုစတာပြိုင်ပွဲဝင် CD များအား ပြိုင်ပွဲဝင်ပုံစံနှင့်အတူ ပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့များမှ တစ်ဆင့် ထောက်ခံချက်ဖြင့် ဒုတိယရဲမှူးကြီး ထွန်းဝေ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်၊ ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်၊ ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့ရပါမည်။

(၁၀) ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာပြိုင်ပွဲတို့တွင် ပြိုင်ပွဲဝင် တစ်ဦးလျှင် စာမူတစ်စောင်သာ တင်သွင်းနိုင်ပြီး ကာတွန်း၊ ပန်းချီ၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာပြိုင်ပွဲများတွင်လည်း ပြိုင်ပွဲဝင်တစ်ဦးလျှင် တစ်ပုံသာပေးပို့ ယှဉ်ပြိုင်ခွင့်ရှိသည်။

(၁၁) ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာပြိုင်ပွဲဝင်များအနေဖြင့် ပတ်စပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအကျဉ်းချုပ်၊ မိမိကိုယ်တိုင် ရေးဆွဲခြင်းဖြစ်ကြောင်း၊ မည်သည့် စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိကြောင်း ဝန်ခံချက်စသည်တို့ကို ပူးတွဲပေးပို့ရမည်။

(၁၂) ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီပြိုင်ပွဲအတွက် ပြည်နယ်၊ တိုင်းများမှ ဝင်ရောက်ယှဉ်ပြိုင်သူများသည် သက်ဆိုင်ရာ ပြည်နယ်၊တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များမှ ကြီးမှူးကျင်းပသည့် ပြည်နယ်၊ တိုင်းအလိုက် ပြိုင်ပွဲများမှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်။ ပြည်နယ်၊ တိုင်းများ အနေဖြင့် သင့်လျော်သည့် နေ့ရက် သတ်မှတ်ပြီး ကျင်းပကြရမည်။

(၁၃) ပြိုင်ပွဲဝင် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစာမူများ၊ တေးသီချင်းများနှင့် ဓာတ်ပုံများကို ဒုတိယရဲမှူးကြီး ထွန်းဝေ၊ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ် ပြတိုက်၊ ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်၊ ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့ လိပ်မူ၍ ပြိုင်ပွဲအလိုက် သတ်မှတ်နေ့ရက်များအရောက် တိုက်ရိုက်ပေးပို့ရမည်။ ပြိုင်ပွဲဝင်ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာပိုစတာ လက်ရာများကို သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ တစ်ဆင့် ထောက်ခံချက်ဖြင့် အထက်ပါလိပ်စာအတိုင်း သတ်မှတ်နေ့ရက် အရောက်ပေးပို့ရမည်။

(၁၄) ပြိုင်ပွဲဝင်စာမူနှင့် လက်ရာများအား မူးယစ်ဗဟိုရုံးသို့ နောက်ဆုံးထား၍ အရောက်ပေးပို့ရမည့် နေ့ရက်သတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ ၂၀-၅-၂၀၀၇ ရက်အရောက်

(ခ) ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဓာတ်ပုံ၊ ကွန်ပျူတာ ပန်းချီ၊ ကွန်ပျူတာ ပိုစတာ ၂၅-၅-၂၀၀၇ ရက်အရောက်

(ဂ) တေးသီချင်း ၂၂-၅-၂၀၀၇ ရက်အရောက်

(၁၅) စာမူတေးသီချင်းလက်ရာများကို ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများအဖြစ် ရွေးချယ်မည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသောစာမူနှင့် လက်ရာများကို၂၀၀၇ခုနှစ် ဇွန်လ ၁၈ရက်နေ့တွင် ကြေညာ၍ ပထမ၊ ဒုတိယနှင့်တတိယဆုရသူများကို မူးယစ်ဗဟိုသို့ ဖိတ်ခေါ်ပြီး၂၀၀၇ခုနှစ် ဇွန် ၂၆ရက်နေ့တွင် အခမ်းအနားဖြင့် ဆုချီးမြှင့်မည်ဖြစ်ပါသည်။ အထူးဆုရရှိသူများအား သက်ဆိုင်ရာပြည်နယ်၊ တိုင်းများမှကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားများတွင် ဆုချီးမြှင့်မည် ဖြစ်ပါသည်။

(၁၆) ရွေးချယ်ခြင်း မခံရသော စာမူများ၊ လက်ရာများ၊ တေးသီချင်းများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

(၁၇) **မှတ်ချက်**။ ။ မူးယစ်ဆေးဝါး ထုတ်လုပ်သုံးစွဲမှု ပပျောက်ရေးကို ဦးတည်ချက်ဆောင်ပုဒ်များ သတ်မှတ်ထားသော်လည်း မူးယစ်ဆေးဝါး ပပျောက်ရေးကို ဦးတည်သည့် မည်သည့်သီကုံးရေးဆွဲ ရိုက်ကူးမှုကိုမဆို လွတ်လပ်စွာ ပြုလုပ်နိုင်ကြပါသည်။ (သတင်းစဉ်)

လူမှုဝန်ထမ်းဦးစီးဌာန ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် မင်္ဂလာ အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၂၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဇနီးအား အမှူးထား၍ လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူးကျင်းပသော (၄၃)ကြိမ်မြောက် ရဟန်းခံ၊ရှင်ပြု၊ သီလရှင်ဝတ် မင်္ဂလာ အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရေနံချောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇနိယ အမှူးပြုသော ဆရာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ သာသနာ့ဘောင် သွတ်သွင်းချီးမြှင့်ခြင်းခံရသော ဒုလ္လဘရဟန်း၊ ရှင်သာမဏေများနှင့် သီလရှင်များ၊ ဝန်ထမ်းများ တက်ရောက်ပူဇော်ကြသည်။

လူမှုဝန်ထမ်းဦးစီးဌာနက ယခု အခမ်းအနားတွင် ဒုလ္လဘရဟန်း ၁၀ ပါး၊ ရှင်သာမဏေ ၅၁ ပါးနှင့် သီလရှင် ၃၂ ပါးတို့ကို သာသနာ့ဘောင်အတွင်း သွတ်သွင်းချီးမြှင့်ခဲ့ကြပြီး (၄၃) ကြိမ်မြောက်အထိ ဒုလ္လဘရဟန်း ၄၁၃ ပါး၊ ရှင်သာမဏေ ၂၈၉၂ ပါးနှင့် သီလရှင် ၅၇၃ ပါး စုစုပေါင်း ၃၈၇၈ ပါးတို့ကို သာသနာ့အမွေအောင်မြင်စွာ ချီးမြှင့်နိုင်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံတကာ အိုက်ကီဒိုနီးနှောဖလှယ်ပွဲ ကျင်းပ ရှစ်နိုင်ငံမှ အားကစားသမား ၇၅ဦး ပါဝင်

ရန်ကုန် ဧပြီ ၂၉

နိုင်ငံတကာအိုက်ကီဒို နီးနှောဖလှယ်ပွဲကို ယနေ့နံနက် ၉နာရီမှစတင်၍ ဒုတိယနေ့နှင့် နောက်ဆုံးနေ့အဖြစ် ရန်ကုန်မြို့၊ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

အဆိုပါ အိုက်ကီဒိုနီးနှောဖလှယ်ပွဲသို့ မြန်မာ၊ ဂျပန်၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ လာအိုနိုင်ငံများမှ အိုက်ကီဒို အားကစားသမား ၇၅ ဦးတို့ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းလေ့ကျင့်ကြသည်။

ယင်း နိုင်ငံတကာ အိုက်ကီဒိုနီးနှောဖလှယ်ပွဲသို့ ဂျပန်နိုင်ငံမှ နည်းပြဆရာ Mr. M. Fuka Kusa Shihan (7th Dan) က ဦးဆောင်၍ တစ်ဦးချင်းနှင့် အဖွဲ့လိုက် စွမ်းရည်ပြ ပူးပေါင်းဖလှယ်ပြီး လေ့ကျင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

၂၀၀၇ ခုနှစ် နိုင်ငံတကာ အိုက်ကီဒိုနီးနှောဖလှယ်ပွဲတွင် ဂျပန်နိုင်ငံမှ နည်းပြဆရာ Mr. M. Fuka Kusa Shihan (7th Dan) က အဆင့်မြင့် အိုက်ကီဒိုနည်းစနစ်များကို လေ့ကျင့်ပေးစဉ်။ (အား/ကာ)

အင်တာနက်အားကစားသတင်းများ

ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲတွင် ဂတ်တူဆို ပါဝင်ကစားမည်

ရောမ ဧပြီ ၂၉

အေစီမီလန် ကွင်းလယ်ကစားသမား ဂျင်နာရိုဂတ်တူဆိုသည် ယာဘက်ခြေထောက် ထိခိုက်ဒဏ်ရာရရှိခဲ့မှုမှ ပြန်လည်နာလန်ထူလာပြီဖြစ်ရာ မေ ၂ရက်တွင် ကျင်းပမည့် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ၌ ပါဝင်ကစားနိုင်မည်ဖြစ်ကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။

အေစီမီလန်အသင်းသည် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ဒုတိယအကျော့အဖြစ် မန်ချက်စတာယူနိုက်တက်အသင်းနှင့် အိမ်ကွင်းတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဂတ်တူဆိုသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ အောင်ပွဲရ အီတလီအသင်း၏ လက်ရွေးစင်ဘောလုံးသမားတစ်ဦးလည်းဖြစ်ပြီး ဧပြီ ၂၄ရက် (အင်္ဂါနေ့)က ကျင်းပသည့် ပထမအကျော့ပွဲတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အေစီမီလန်အသင်း၏ အသင်းခေါင်းဆောင် ပေါ်လိုမယ်လ်ဒီနီမှာလည်း ထိခိုက်ဒဏ်ရာရရှိထားပြီး ဒုတိယအကျော့ပွဲတွင် ပါဝင်ကစားရန်မရေရာပေ။

အင်တာနက်

အေစီမီလန် ကွင်းလယ်ကစားသမား ဂတ်တူဆို။
(ဓာတ်ပုံ-အင်တာနက်)

တိုက်စစ်မှူးတိုနီအား ဘေယန်မြူနစ်ခေါ်ယူမည်

မြူးနစ် ဧပြီ ၂၉

ဂျာမနီ ဘွန်ဒက်စ်လီဂါပြိုင်ပွဲဝင် ဘေယန်မြူနစ်အသင်းသည် အီတလီနိုင်ငံမှ ဖီအိုရင်တီးနားအသင်း တိုက်စစ်မှူး လူကာတိုနီအား ခေါ်ယူမည့် သဘောတူညီချက်ကို လက်မှတ်ရေးထိုးတော့မည်ဖြစ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဘေယန်မြူနစ်အသင်းသည် တိုနီအား ခေါ်ယူရန် အသင်းပြောင်းရွှေ့ကြေး ယူရို ၁၈ သန်း (ပေါင်ငွေ ၁၂ သန်း)သုံးစွဲရမည်ဖြစ်သည်။ တိုနီသည် ငါးနှစ်သက်တမ်းရှိ ကန်ထရိုက်သဘောတူညီချက်အရ ဘောလုံးရာသီတစ်ရာသီလျှင် ယူရို ၅ ဒသမ ၅ သန်း(ပေါင်ငွေ ၃ ဒသမ ၇၅ သန်း)ဝင်ငွေရရှိမည်ဖြစ်ရာ ယင်းဘောလုံးကလပ်အသင်းတွင် လုပ်ခလစာအများဆုံး ရရှိသည့် ဘောလုံးသမား ဖြစ်လာမည်ဖြစ်သည်။

တိုနီသည် ကန်ထရိုက်စာချုပ် လက်မှတ်မရေးထိုးမီ ကျန်းမာရေးစစ်ဆေးမှုခံယူနိုင်ရန် မြူးနစ်မြို့သို့ ယနေ့ ရောက်ရှိလာမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

တိုနီသည် ဥရောပ၏ ဂိုးသွင်းအကောင်းဆုံး တိုက်စစ်မှူးများတွင် ပါဝင်သည်။ ၎င်းသည် ပြီးခဲ့သည့် စီးရီးအေဘောလုံးရာသီ နှစ်ရာသီတွင် ၆၁ ဂိုးသွင်းပေးခဲ့သည်။

အင်တာနက်

ဘေယန်မြူးနစ်အသင်းသို့ ရောက်ရှိလာမည့် တိုက်စစ်မှူး လူကာတိုနီ။
(ဓာတ်ပုံ-အင်တာနက်)

အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲတွင် အေစီမီလန် တတိယနေရာသို့ရောက်

ရောမ ဧပြီ ၂၉

ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိသော အေစီမီလန်အသင်းသည် စနေနေ့က ကျင်းပသည့် စီးရီးအေ ဘောလုံးပြိုင်ပွဲတွင် တိုရင်နိုအသင်းကို အနိုင်ရရှိခဲ့ပြီးနောက် အမှတ်ပေးဇယားတွင် တတိယနေရာသို့ တက်လှမ်းလာကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။

အီတလီနိုင်ငံ တူရင်မြို့ရှိ အိုလံပစ်အားကစားရုံတွင် အေစီမီလန်အသင်းက တိုရင်နိုအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ရာတွင် တစ်လုံးတည်းသောအနိုင်ဂိုးကို သွင်းပေးခဲ့သူမှာ ကလဲရင့်ဆီးဒေါ့ဖ်ဖြစ်သည်။

ဒတ်ချ်လူမျိုး ဘောလုံးသမား ဆီးဒေါ့ဖ်၏ ဂိုးနှင့်အတူ အေစီမီလန်အသင်း လေးပွဲဆက်တိုက် အနိုင်ရရှိခဲ့သည်။

အေစီမီလန်အသင်းသည် ၃၄ပွဲ ကစားပြီး ၅၉ မှတ်ရရှိထားရာ စီးရီးအေ ချန်ပီယံ အင်တာမီလန် အသင်း၏ နောက်တွင် ၂၅ မှတ်လျော့ဖြင့် ရပ်တည်လျက်ရှိသည်။

အင်တာနက်

ဧပြီ ၂၈ရက်က ကျင်းပသည့် စီးရီးအေဘောလုံးပြိုင်ပွဲတွင် အေစီမီလန်အသင်းမှ အနိုင်ဂိုးသွင်းသူ ဆီးဒေါ့ဖ်အား တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဘောလ်တန်အသင်းမန်နေဂျာ အယ်လာဒိုက်စ်နုတ်ထွက်မည်

လန်ဒန် ဧပြီ ၂၉

ဆမ်အယ်လာဒိုက်စ်သည် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲဝင် ဘောလ်တန်အသင်း၏ မန်နေဂျာအဖြစ် လက်ရှိဘောလုံးရာသီကုန်ဆုံးချိန်တွင် နုတ်ထွက်မည်ဖြစ်ကြောင်း ဗြိတိသျှသတင်းစာများက ယနေ့ရေးသားဖော်ပြသည်။ အသက် (၅၂)နှစ်အရွယ်ရှိအယ်လာဒိုက်စ်သည် ဘော်လ်တန်အသင်းကို တာဝန်ယူလာခဲ့သည်မှာ ရှစ်နှစ်ရှိခဲ့ပြီဖြစ်သည်။ ကန်ထရိုက်စာချုပ်အရ ဘော်လ်တန်အသင်းတွင် နောက်ထပ် နှစ်နှစ်ရှိနေနိုင်သေးသော်လည်း ယင်းအသင်းမှ နုတ်ထွက်မည်ဟု ထုတ်ဖော်ပြောဆိုခြင်းဖြစ်သည်။

အင်တာနက်

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အင်တာနက်သတင်း

ဟိမဝန္တာရှိရေခဲမြစ်များ အရည်ပျော်မှုမြန်ဆန်၍ ရေခဲမြစ်များ ပျောက်ကွယ်သွားလျှင် စိုက်ပျိုးရေ အခက်အခဲရှိနိုင်

ပေကျင်း ဧပြီ ၂၉

ဟိမဝန္တာတောင်တန်းနှင့် အနီးပတ်ဝန်းကျင် ကုန်းမြေမြင့်ဒေသများတွင် ကမ္ဘာကြီး ပူနွေးလာသဖြင့် ရေခဲမြစ်များအရည်ပျော်လာခြင်းသည် တရုတ်နိုင်ငံနှင့် တောင်အာရှဒေသများအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုကြီးဖြစ်သည်ဟု ရာသီဥတုခန့်မှန်းရေး သိပ္ပံပညာရှင်များက ဧပြီ ၂၃ ရက်က ပြောကြားသည်။ အပူချိန်မြင့်တက်လာခြင်းကြောင့် ကျင်ဟိုင်း-တိဘက်ကုန်းမြေမြင့်ဒေသများရှိ ရေခဲမြစ်များ၏ လေးပုံတစ်ပုံခန့်သည် အရည်ပျော်လာနိုင်သည်ဟု တရုတ်ရာသီဥတုခန့်မှန်းရေး ကျွမ်းကျင်ပညာရှင် ကွင်းဒါဟီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လေ့လာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရေခဲမြစ်များလျင်မြန်စွာ အရည်ပျော်လာခြင်းသည် အာရှဒေသများရှိလူများကို ထိခိုက်မှုရှိနိုင်သည်ဟု သတင်းစာရှင်းလင်းပွဲတွင် ကွင်းဒါဟီနှင့်အခြားသော ပညာရှင်များက ပြောကြားသည်။

အမျိုးသားစီးပွားရေးနှင့် လူများ၏ နေထိုင်မှုဘဝအတွက် ရေခဲမြစ်များသည် အရေးပါသောအရာဖြစ်သည်။ ထို့အပြင် ၎င်းရေခဲမြစ်များသည် ရေများရရှိရန် အဓိကအရင်းအမြစ်ဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုပုံစံကိုလည်း တစ်စုံတစ်ရာ သက်ရောက်မှုရှိသည်ဟု ကွင်းက ပြောကြားသည်။

ဟိမဝန္တာနှင့် ကျင်ဟိုင်း-တိဘက်ကုန်းမြေမြင့်များမှ ရေခဲမြစ်များသည် အာရှဒေသရှိ မြစ်ကြီးများအတွက် ရေရရှိရန် အဓိကအရင်းအမြစ်ဖြစ်သည်။ ထို့အပြင် တရုတ်နိုင်ငံရှိ ယန်စီမြစ်သည်လည်း ၎င်းရေခဲမြစ်များမှ ရေများ အဓိကရရှိသည်။ အင်ဒိုချိုင်းနားဒေသရှိ မဲခေါင်မြစ်နှင့် အိန္ဒိယနိုင်ငံမှ ဂင်္ဂါမြစ်သည်လည်း ၎င်းရေခဲမြစ်များမှ ရေများရရှိသည်။

အကယ်၍ ရေခဲမြစ်များ ပျောက်ကွယ်သွားလျှင် တောင်အာရှဒေသများရှိ မြစ်ကြီးများသည်လည်း ပျောက်ကွယ်သွားနိုင်သည့်အန္တရာယ်ရှိကြောင်းကို အိန္ဒိယ ရာသီဥတုကျွမ်းကျင်သူ ပညာရှင်တစ်ဦးက ပြောကြားသည်။ တောင်အာရှဒေသသည် စားနပ်ရိက္ခာများ ထွက်ရှိရာဒေသဖြစ်သည်။

ဟိမဝန္တာဒေသမှ ရေခဲမြစ်များပျောက်ကွယ်သွားလျှင် တောင်အာရှဒေသရှိ မြစ်များရေမရရှိသည့်အတွက် ကောက်ပဲသီးနှံများ စိုက်ပျိုးရန်အတွက် အခက်အခဲရှိနိုင်သည်ဟု ကုလသမဂ္ဂရာသီဥတု ပြောင်းလဲမှုဆိုင်ရာ လေ့လာရေးအဖွဲ့ ဥက္ကဋ္ဌ ရာဂျန်ဒရာပါချူရီက ပြောကြားသည်။

အင်တာနက်။

ဟိမဝန္တာတောင်တန်းဒေသရှိ ငိုစွမ်ပါရေခဲမြစ် အရည်ပျော်ကျမှုကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

သီတဂူအာယုဒါန ဆေးအလှူတော် အထူးတရားပွဲ

ရန်ကုန် ဧပြီ ၂၉

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ မဟာဓမ္မကထိက၊ ဗဟုဇနဟိတဓရ၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (Ph.D, D-Litt) ဆရာတော်၏ အာယုဒါန ဆေးအလှူတော် အထူးတရားပွဲကို ရန်ကုန်မြို့ အလုံမြို့နယ် နှင်းဆီလမ်းရှိ အလုံမြို့နယ်ခန်းမကြီးတွင် (၁၃၆၉ခုနှစ် ကဆုန်လပြည့်ကျော် ၇ရက်)၊ မေ ၇ရက် (တနင်္လာနေ့)ည ၇နာရီတွင် ကျင်းပမည် ဖြစ်သည်။

(က-ပ)

မွေးနေ့မင်္ဂလာဆုမွန်လွှာ

ဒေါ်သင်းသင်းလှ (a) Miss MARGARET
B.A., B.Ed.

သူငယ်ချင်းရေ-

မင်္ဂလာရှိသော မွေးနေ့များစွာဖြင့် သာသနာတော်အကျိုးဆတက်တိုး၍ စိတ်တိုင်းကျ သယ်ပိုးနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂုဏ်ပြုနှုတ်ဆက်ပါတယ်။

သူငယ်ချင်း(မဗေဒါ)
ST.JOSEPH CONVENT
ကျောင်းတော်ဟောင်းမှ သူငယ်ချင်းများ

ပထမအကြိမ် မြန်မာ့သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်ပြပွဲ၊ ဆွေးနွေးပွဲနှင့် သစ်သီးဝလံပြိုင်ပွဲ

*ပထမအကြိမ် မြန်မာ့သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်ပြပွဲ၊ ဆွေးနွေးပွဲနှင့် သစ်သီးဝလံပြိုင်ပွဲကို ၂၀၀၇ခုနှစ်၊ မေလ(၅)ရက်နေ့မှ (၈)ရက်နေ့ထိ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေပဒေသာကျွန်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ပါမည်။ မည်သူမဆိုအခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

*သရက်၊ သခွားမွှေး၊ ဖရဲ၊ ငှက်ပျော၊ မာလကာ၊ နာနတ်၊ ပိန္နဲ၊ ကြက်သွန်နီ၊ သဘော်အသီးအနှံများကို မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။

*အသီးပါအပင်အတွက် ပထမဆု ကျပ်(၁)သိန်း၊ ဒုတိယဆု ကျပ်(၇)သောင်း၊ တတိယဆု ကျပ် (၅)သောင်းနှင့်

*အသီးအနှံများအတွက် ပထမဆု ကျပ်(၇)သောင်း၊ ဒုတိယဆု ကျပ် (၅)သောင်း၊ တတိယဆု ကျပ် (၃)သောင်းတို့ကို သီးနှံတစ်မျိုးချင်းအလိုက် ချီးမြှင့်မည်ဖြစ်ပါသည်။

*မြန်မာနိုင်ငံအနှံ့ထွက်ရှိသော သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်မျိုးစုံကို ခင်းကျင်းပြသထားမည်ဖြစ်ပါသည်။

*ဟောပြော၊ ဆွေးနွေးပွဲများလည်း ပါဝင်မည်ဖြစ်ပါ၍ စိတ်ဝင်စားသူများအားလုံး အခမဲ့တက်ရောက်ဆွေးနွေးနိုင်ပါသည်။

*ပြပွဲ၊ ပြိုင်ပွဲ၊ ဆွေးနွေးပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

*ဖုန်း-၀၁-၇၀၃၇၅၄၊ ၀၁-၅၁၄၂၂၆

မြန်မာနိုင်ငံသစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း

ပုဇွန်တောင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးသန်းမြင့် အသက်(၁၈)နှစ် ပြည့်ပြီးသူတစ်ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်စဉ်။

(သတင်းစဉ်)

ပုဇွန်တောင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနက နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဧပြီ ၂၆ရက် နံနက် ၉ နာရီတွင် ပုဇွန်တောင်မြို့နယ် အမှတ် (၉) ရပ်ကွက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ ပုဇွန်တောင်မြို့နယ်ဥက္ကဋ္ဌ ဦးပုနှင့် ရပ်ကွက်ဥက္ကဋ္ဌများ၊ ပုဇွန်တောင်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးနှင့် မြို့နယ် အလုပ်အမှုဆောင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ထုတ်ယူမည့် ပြည်သူများ တက်ရောက်ကြသည်။

ဖြန့်ဝေထား

အခမ်းအနားတွင် ပုဇွန်တောင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးမှူး ဦးသန်းမြင့်က ပုဇွန်တောင်မြို့နယ်အတွင်းရှိ ပြည်သူများ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပိုမိုလျင်မြန်လွယ်ကူစွာ ရရှိနိုင်စေရေးအတွက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အသီးသီးသို့ နိုင်ငံသားစစ်ဆေးပုံစံများ ဖြန့်ဝေထားကြောင်း၊ မြို့နယ်ဦးစီးဌာနမှူးနှင့် ရုံးဝန်ထမ်းများက သက်ဆိုင်ရာ လူမှုရေး အသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ပြည်သူများအားလပ်သည့် ညဦးပိုင်းအချိန်တွင် ကွင်းဆင်းစိစစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အသက်(၁၀)နှစ်ပြည့် ၄၅ကတ်၊ အသက်(၁၈)နှစ်ပြည့်တစ်ကတ်၊ အသက်(၁၀)နှစ်မှ (၁၈)နှစ် လဲလှယ် ၃၇ကတ်၊ ပျောက်/ပျက်မိတ္တူ ၂၈ကတ် စုစုပေါင်း ၁၁၁ကတ်ကို ပုဇွန်တောင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာနမှူး ဦးသန်းမြင့်က ပြည်သူများ လက်ဝယ်သို့ ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းရင်းဆေးပညာ ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် ဧပြီ ၂၉

ရန်ကင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော တိုင်းရင်းဆေးပညာ ဆင့်ပွားသင်တန်းဖွင့်ပွဲကို ရန်ကင်းမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ ဧပြီ ၂၈ရက် နံနက် ၉နာရီတွင် ကျင်းပရာ ရန်ကင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

တက်ရောက်

အဆိုပါအခမ်းအနားသို့ ရန်ကင်းမြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန် ဒေါက်တာသီသီလတ်နှင့် တိုင်းရင်းဆေးဆရာမ ဒေါ်ခင်ထားရီတို့တက်ရောက်ခဲ့ကြပြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် အသိအမှတ်ပြုကတ်နှင့် တံဆိပ်များကို မြို့နယ်ဥက္ကဋ္ဌက ရပ်ကွက်များအလိုက် ပေးအပ်သည်။

(၁၅)

အမွေပြတ်စွန့်ခြင်း

ဦးမြင့်အောင် [၁၂/ပဇတ(နိုင်) ၀၀၆၆၉၈]၏သမီး မစန္ဒာလင်း [၁၂/ပဇတ(နိုင်) ၀၂၉၃၃၅] သည် မိဘစိတ်ဆင်းရဲအောင် ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်း၊ နောက်နောင် ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

ဦးမြင့်အောင်-ဒေါ်ခင်ချိုဝင်း

ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်တော် ဦးမျိုးညွန့် (အဘ) ဦးလှအောင် မှတ်ပုံတင်အမှတ် [၁၂/ဗဟန(နိုင်) ၀၇၆၇၀၀] နှင့် ဒေါ်နီနီဝင်း (အဘ)ဦးစိန်ဝင်း မှတ်ပုံတင်အမှတ် [၁၂/ဗဟန(နိုင်) ၀၆၃၄၈၀] တို့သည် ၂၃-၄-၂၀၀၇ရက်တွင် တာမွေမြို့နယ် တရားရုံး၌ တရားဝင်ကွာရှင်းထားပြီး ဖြစ်ပါသည်။ နောက်နောင် အကြောင်းအမျိုးမျိုးဖြင့် အနှောင့်အယှက်ပေးပါက ဝတ္တရားနှောင့်ယှက်မှုဖြင့် တရားစွဲဆိုခြင်းခံရမည် ဖြစ်ကြောင်းအသိပေးအပ်ပါသည်။

ဦးမျိုးညွန့်
[၁၂/ဗဟန(နိုင်) ၀၇၆၇၀၀]

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၄-၂၀၀၇ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ကဆုန်လပြည့်နေ့ ဗုဒ္ဓနေ့ တရားတော် ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဘဒ္ဒန္တ ဇနကာဘိဝံသ (ချမ်းမြေ့ဆရာတော်)
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	မြတ်ဗုဒ္ဓ၏မဟာဗုဒ္ဓဝင်
၉း၁၀	International VideoTopics (ဟောလီးဝုဒ် သိပ္ပံကမ္ဘာ)
၉း၄၀	တေးဂီတအစီအစဉ်
၉း၅၀	ရေစင်သွန်း၍ တောင်းဆုပန် မဟာဗောဓိမဏ္ဍိုင်
၁၀း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	မိုးကောင်းညောင်ရမ်းကျောင်းမှတ်တမ်း
၁၀း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၄၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁၁း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀	သီရိမင်္ဂလာ ကမ္ဘာအေးစေတီ
၁၁း၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၅	မိုးလေဝသ ခန့်မှန်းချက်
၁၁း၄၀	MRTV-4 ကျန်းမာရေးကဏ္ဍ (နှလုံးသွေးကြောရောဂါအကြောင်း သိကောင်းစရာများ) (အပိုင်း-၁) ပါမောက္ခ ဒေါ်ခင်မေစန်းနှင့်တွေ့ဆုံခြင်း "သွေးတိုး ရောဂါအကြောင်း သိကောင်းစရာ"
၁၂း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၁၀	သိမြင်သုတ တိုးပွားစေရာ ဆဌသင်္ဂါယနာ မော်ကွန်းပြတိုက်မှာ
၁၂း၃၅	ကိတ်မုန့်ပေါ်က အနုလက်ရာ
၁၂း၅၀	တေးဂီတအစီအစဉ်
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက်၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၂၄	Reading-Newcastle	5-Sports(Live)

လှူဒါန်း

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၈)လမ်းနှင့် သဃ်န်းကျွန်းမြို့နယ် သုမင်္ဂလာအိမ်ရာ သုနန္ဒာ (၄)လမ်းနေကျေးဇူးရှင် မိဘနှစ်ပါးဖြစ်သော ဦးခင်လှိုင်(M.I.C ရော်ဘာစက်)-ဒေါ်ခင်မြင့် တို့၏ နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာနှင့် ကျေးဇူးရှင်ဖခင်ကြီး ဦးခင်လှိုင်၏ (၇၅)နှစ်မြောက် စိန်ရတုမွေးနေ့အထိမ်းအမှတ်အဖြစ် သား၊ သမီး၊ မြေးများက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် သီလရှင် သင်ပညာရေးကျောင်း ၁၃ကျောင်းတို့အား တစ်နေ့ရာလှူငွေကျပ် တစ်သိန်းရှစ်ရာစီ လှူဒါန်းခဲ့ရာ သား ဦးစိန်သစ်(TOSTA)၊ ဇနီး ဒေါ်သန်းသန်းအေး၊ မြေးများ မစုနန္ဒာလှိုင်၊ မယုနန္ဒာလှိုင်နှင့် မောင်ဇင်ကိုအောင် မိသားစုက လှူဒါန်းငွေများ လှူဒါန်းစဉ်။

(ကြေးမုံ)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၃)၊ အမှတ်(၁၆) ဖြန့်ချိ

ရန်ကုန် ဧပြီ ၂၉

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၁၆)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ 'အယ်ဒီတာ့ဒိုင်ယာရီ'၊ 'အွန်စောတို့ဌာနေ' အခန်းဆက်ခရီးသွားဆောင်းပါးနှင့်အတူ ယူနန်တန်ချုံမှ မြစ်ကြီးနားသို့ သုံးနာရီသာကြာမည့် လီဒိုလမ်းအစိတ်အပိုင်းဖွင့်လှစ်၊ အပူရှိန်ပြင်း၍ သွေးတိုး ရောဂါဝေဒနာရှင်များသတိပြုနေထိုင်ကြရန်လို၊ စနစ်ဟောင်းဒီဖောင်များသက်တမ်းမကုန်ပါက အကျုံးဝင်သေး၊ ပင်လယ်ကျောက်ငါးမျိုးစိတ်တစ်မျိုးကို သားဖောက်မွေးမြူနိုင်ရန် မြန်မာပညာရှင်များကြိုးပမ်းနေ၊ ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု မြန်မာနိုင်ငံတွင်ပြုလုပ်စသည့် ပြည်တွင်းရေးရာ သတင်းများဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

'ဖာဂူဆန်နှင့် ရင်ခုန်စရာပုစ္ဆာတစ်ပုဒ်'အားကစားဆောင်းပါးနှင့်အတူ အနာဂတ်နည်းပညာ ထိုးဖောက်အောင်မြင်မှုသည် အာရှတွင်ဖြစ်ရန်ရှိဟု ဘီလ်ဂိတ်ဟောကိန်းထုတ်၊ ရေအောက် လေရဟတ်စွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်ပြီ၊ ပေကျင်းတက္ကစီသမားများအတွက် ပြည်သူ့ နီတိအာဏာပိုင်တို့ကလမ်းညွှန်၊ ဂျပန်နိုင်ငံကို အမေရိကန်ကဲ့သို့ဖြစ်မလာစေလိုစသည့် နိုင်ငံတကာရေးရာ သတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံးဖြန့်ချိလိုက်ပြီ ဖြစ်သည်။

(သတင်းစဉ်)

ယနေ့မိုးလေဝသ

(၃၀-၄-၂၀၀၇)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ကွမ်းခြံကုန်း ဗုဒ္ဓကောလိပ် ဖြစ်မြောက်ရေး ရန်ပုံငွေအတွက် ဖခင် ဦးခင်မောင်၊ မိခင် ဒေါ်ကြင်မေတို့အား ရည်စူး၍ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း၊ ပြည်တော်အေးရိပ်သာနေ ဦးကံထွန်း-ဒေါ်သိန်းကြွယ် မိသားစုက ငွေကျပ်တစ်သိန်း လှူဒါန်းရာ ကွမ်းခြံကုန်း ဗုဒ္ဓကောလိပ် အုပ်ချုပ်ရေးဌာနမှူး၊ ကွမ်းခြံကုန်းမြို့နယ် သံဃနာယကအဖွဲ့(ရွှေကျင်) အကျိုးတော်ဆောင် မစိုးရိမ် ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ ဣန္ဒကသိရီ ဂုဏ်ပြုလွှာ ပေးအပ်စဉ်။ (မြို့နယ်ပြန်/ဆက်)

မဏိရတနာကျောင်းဆောင်(၂) ရေစက်ချလှူဒါန်းပွဲ

ဖျာပုံ ဧပြီ ၂၆

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မကွေးမြို့၊ မဟာဝိသုတာရာမ တိုက်သစ်ဆရာတော် အဘိဓဇမဟာ ရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုမာရာဘိဝံသ၊ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းမြို့ ပုဏ္ဏာမာရာမဈေး ကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌ ဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဓဇ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဩဘာသ ဘိဝံသ၊ နိုင်ငံတော်သံဃမဟာ နာယက အဖွဲ့ဝင် ဖျာပုံမြို့ ထန်းပင်ကျောင်း ပရိယတ္တိ စာသင်တိုက်ဆရာတော် သာသနဓဇဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထ ဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဝေပုလ္လတို့ကို အမှူးထားလျက် အနယ်နယ်အရပ်ရပ်မှ စေတနာရှင် ပါရမီရှင်တို့၏ စုပေါင်း ဒါနအားဖြင့် ဖျာပုံမြို့ ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက်အတွင်း အလျား ၁၅၉ ပေ၊ အနံပေ ၄၀၊ အမြင့် ၂၄ ပေရှိ မဏိရတနာ ကျောင်းဆောင်(၂)ကို တည်ဆောက်ပြီးစီးပြီဖြစ်သည်။

နှီးဆော်

မဏိရတနာ ကျောင်းဆောင်(၂) ဖွင့်ပွဲနှင့် ရေစက်ချလှူဒါန်းပွဲကို မေ ၅ ရက် စနေနေ့ နံနက်တွင် ကျင်းပ မည်ဖြစ်ရာ စေတနာရှင် ပါရမီရှင် တို့အား ဖွင့်ပွဲနှင့် ရေစက်ချလှူဒါန်းပွဲသို့ တက်ရောက်နိုင်ရန် နှီးဆော်ထား ကြောင်း သိရသည်။ **(၃၈၃)**

ပထမအကြိမ် သက်ကြီးပူဇော်ပွဲ ကျင်းပ

ပိန်းဇလုပ် ဧပြီ ၂၅

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပိန်းဇလုပ်ရဲတပ်ဖွဲ့စခန်းရုံး၊ ရဲတပ်ဖွဲ့ဝင်မိသားစုများ ဦးဆောင်မှုဖြင့် ပထမအကြိမ် သက်ကြီးပူဇော်ပွဲနှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဧပြီ ၁၇ရက် (မြန်မာနှစ်ဆန်းတစ်ရက်) ညနေ ၅နာရီတွင် ပိန်းဇလုပ် ရဲတပ်ဖွဲ့စခန်းရုံး၌ကျင်းပသည်။**(ယာပုံ)**အခမ်းအနားတွင် ပိန်းဇလုပ်ရဲတပ်ဖွဲ့မှူး ရဲအုပ်မင်းသိုက်ထိုက်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် အသက် (၈၀)အထက် သက်ကြီးဘိုးဘွား ၂၀ အား စခန်းမှူး ရဲအုပ်မင်းသိုက်ထိုက်၊ ဇနီး ဒေါ်ဥမ္မာလှိုင်နှင့် ရဲတပ်ဖွဲ့ဝင်မိသားစုများ၊ ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြို့နယ်စာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင်များက ဘိုးဘွားများအား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။

ထို့နောက် အဘိုး၊အဘွားများ၏ ကိုယ်စား ကျောင်းအုပ်ဆရာကြီး(ငြိမ်း) ဆရာကြီး ဦးအေးမောင်က ဩဝါဒစကားပြောကြားကြောင်းသိရသည်။ **(၄၅၂)**

ဘိုးဘွားရိပ်သာအတွက် ငွေပဒေသာပင်စိုက်ထူ

မော်လမြိုင်ကျွန်း ဧပြီ ၂၂

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ ချမ်းမြေ့ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများ အား မော်လမြိုင်ကျွန်းမြို့ရောက် ဟသ်ာတမြို့သူ၊ မြို့သားများအသင်းမှ ဒေသဖွံ့ဖြိုးတိုးတက်ရေးအား ရေးရှုသော အားဖြင့် ဘိုးဘွားရိပ်သာအတွက် နှစ်ပတ်လည်ငွေပဒေသာပင် စိုက်ထူ ခြင်း၊ ဘိုးဘွားများအား ကျွေးမွေး လှူဒါန်းခြင်း၊ ဆေးဝါးလှူဒါန်းခြင်းနှင့် ကျန်းမာရေးစမ်းသပ်စစ်ဆေးကုသပွဲကို ဧပြီ ၂၁ ရက် နံနက် ၉ နာရီက ချမ်းမြေ့ ဘိုးဘွားရိပ်သာ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရဲနိုင်ဝင်း၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးကိုကိုလွင်နှင့် မြို့မိမြို့ဖများ၊ မော်လမြိုင်ကျွန်းမြို့ ရောက် ဟသ်ာတမြို့သူ၊ မြို့သားအသင်း သားများ တက်ရောက်ကြသည်။

ယင်းနောက် ဘိုးဘွားရိပ်သာ နှစ်ပတ်လည် ငွေပဒေသာပင်အတွက် ကျပ် ငါးသောင်းနှင့် ဆေးဝါးပစ္စည်း မျိုးစုံတို့အား ဟသ်ာတမြို့သူ၊ မြို့သားများ အသင်းဥက္ကဋ္ဌ ဦးရဲနိုင်ဝင်း နှင့် အသင်းသူ၊ အသင်းသားများက ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာဖြစ် မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်လှိုင် က လက်ခံရယူသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်ကျန်းမာရေး ဦးစီး ဌာနမှူးဆရာဝန်ကြီး ဒေါက်တာဝင်းထိန် နှင့် ဝန်ထမ်းများ၊ သွားဘက်ဆိုင်ရာ ဆရာဝန် ဒေါက်တာအေးအေးမော် တို့က ဘိုးဘွား ၁၄ဦးတို့အား ကျန်းမာ ရေးနှင့် သွားကျန်းမာရေးတို့ကို စမ်းသပ် စစ်ဆေးကုသပေးကြသည်။ **(၃၆၄)**

စာတတ်မြောက်ရေးလုပ်ငန်း နည်းပြသင်တန်းနှင့် တာဝန်ပေးအပ်ပွဲ ကျင်းပ

ရေတာရှည် ဧပြီ ၂၄

၂၀၀၆-၂၀၀၇ ခုနှစ် စာတတ်မြောက် ရေးလုပ်ငန်း နည်းပြသင်တန်းနှင့် တာဝန်ပေးအပ်ပွဲကို ဧပြီ ၂၃ ရက်က ရေတာရှည်မြို့နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးမောင်မောင်မော် က သင်တန်းဖွင့်လှစ်ရခြင်းနှင့် သင်တန်း တွင်ပို့ချရမည့် စာစဉ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက်မြို့နယ်ပညာရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်က သင်တန်းနည်းပြများအတွက် စာစဉ် များကို ပေးအပ်ရာ **(အောက်ပုံ)** လက်ထောက်ပညာရေးမှူး ဦးမြင့်ဦးက လက်ခံရယူသည်။ **(၁၄၁)**

ကြေးမုံ The Mirror

မြို့နယ် ဖွံ့ဖြိုးရေး သတင်းများ

ကျေးလက်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် ကျေးလက်ငွေလုံးငွေရင်း လုပ်ငန်းဖြစ်သော သရက်ကုန်း-ကော့ခနိ မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်း အပိုင်း(၁)တွင် မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင် DCP ကိရိယာဖြင့် လမ်းသား အမာခံ စစ်ဆေးမှုကို သရုပ်ပြတိုင်းတာ နေစဉ်။

ရွှေကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည်မြို့သာယာလှပရေးအတွက် ဧပြီ ၄ ရက်က လက်ထောက်အင်ဂျင်နီယာ ဦးသန်းနိုင် ဦးဆောင်သော စည်ပင်ဝန်ထမ်းများ ပျိုးဥယျာဉ်တွင် ပန်းပျိုးနိုင်ရန် ပျိုးထုတ်ခြင်း၊ ရေလောင်းပေါင်းသင်ခြင်း ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးနေမျိုးနိုင် ကြီးကြပ်ဆောင်ရွက်စဉ်။

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ မတ် ၂၄ ရက်တွင် ရောက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေး နှစ်တွင် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကိုးသောင်း ပုထိုးသွားလမ်း ကတ္တရာခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှု စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မော်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမော်လွင် တို့ ရှင်းလင်းတင်ပြစဉ်။

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင် ကျော်ငြိမ်နှင့်အဖွဲ့ ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးအဝင်လမ်း ဖောက်လုပ်နေမှုကို ဧပြီ ၆ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအေးမင်းတို့က ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

ထန်းတပင်မြို့နယ် နဲ့သမိန်စံပြကျေးရွာဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့်ဇနီး တက်ရောက်အားပေးချီးမြှင့်

ရန်ကုန်   ဧပြီ   ၂၉

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းသည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် နဲ့သမိန်စံပြကျေးရွာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ စံပြကျေးရွာကို ဖွင့်လှစ်ပြီး ထန်းတပင်မြို့နယ်၏ စိုက်ပျိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ နံနက် ၁၁ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်၊ နဲ့သမိန်စံပြကျေးရွာ ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ၊ ရန်ကုန်တိုင်းစည်ပင်သာယာရေး အဖွဲ့ညွှန်ကြားရေးမှူးဦးကြီးမြင့်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းဌွေးတို့က စံပြကျေးရွာမုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက စံပြကျေးရွာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် နဲ့သမိန်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ပညာလောကစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ တိုင်းမှူးက ရုံးနှင့်စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ထန်းတပင်မြို့နယ် နဲ့သမိန်စံပြကျေးရွာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ထို့နောက် တိုင်းမှူးနှင့်ဇနီးတို့က ကျေးရွာ စာကြည့်တိုက်အတွက် တိုင်း၊ ခရိုင်၊ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လှူဒါန်းသည့် သုတ၊ ရသ စာအုပ်မျိုးစုံအုပ်ရေ ၄၀၀ကို စာကြည့်တိုက်တာဝန်ခံထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် စာကြည့်တိုက်အတွက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်ငါးသောင်း၊ နဲ့သမိန်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်နှစ်သောင်း၊ မြို့နယ်ပြည်ထောင်စု **စာမျက်နှာ ၉ ကော်လံ ၁ သို့** ➪

ပဲခူးတိုင်း ပထမအကြိမ် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေးရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကျင်းပ

ရန်ကုန်   ဧပြီ   ၂၉

ပဲခူးတိုင်း ပထမအကြိမ် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ဧပြီ ၂၃ ရက် နံနက် ၈ နာရီတွင် ပဲခူးမြို့ သီရိဟံသာခန်းမ၌ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ပဲခူးတိုင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူး ဦးသောင်းလွင်က ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံး၊ပန်းချီ၊ ကာတွန်းပြိုင်ပွဲတို့တွင် ပထမရရှိသော ကျောင်းသား၊ ကျောင်းသူများအား တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက လည်းကောင်း၊ ဒုတိယရရှိသောကျောင်းသား၊ကျောင်းသူများအား ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးဖေသိန်းနှင့် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ရဲမှူးကြီးအောင်ဒိုင်းတို့က လည်းကောင်း၊ တတိယဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူး ဦးသောင်းလွင်က **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❍

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို ပဲခူးတိုင်း ပထမအကြိမ် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ် ကင်းရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှု အခမ်းအနားတွင် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲ ဆုရပုံများနှင့် မှတ်တမ်းဓာတ်ပုံများကိုကြည့်ရှုအားပေးစဉ်။ (ခရိုင်ပြန်/ဆက်)

အင်တာနက် ကျန်းမာရေး သတင်း

ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကာကွယ်ဆေး ဘင်္ဂလားဒေ့ရှ် သိပ္ပံပညာရှင်များ တီထွင်ထုတ်လုပ်

ဒါကာ   ဧပြီ   ၂၉

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ သိပ္ပံပညာရှင်များသည် နှစ်ပေါင်းများစွာ သုတေသနပြုခဲ့ကြပြီးနောက် ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကာကွယ်ဆေးတစ်မျိုးကို တီထွင်ထုတ်လုပ်နိုင်ခဲ့ကြောင်း ယနေ့ အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။

ယင်းသို့ ဝမ်းပျက်၊ ဝမ်းလျှောရောဂါကာကွယ်ဆေး တီထွင်ထုတ်လုပ်နိုင်ခြင်းမှာ ဆေးသိပ္ပံပညာနယ်ပယ်တွင် ထူးခြားသည့် အောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်း၊ ဆေးသိပ္ပံသမိုင်းမှတ်တိုင်တစ်ရပ်လည်းဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

၁၉၈၅ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ နိုင်ငံတကာ ဝမ်းပျက်၊ ဝမ်းလျှောရောဂါကုဌာန **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✻

ဧပြီ ၂၈ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ရှိ သုတေသနဆေးရုံ၌ ဝမ်းပျက်၊ ဝမ်းလျှောဝေဒနာ ခံစားရသည့် ကလေးများ ဆေးဝါးကုသမှုခံယူနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ထူးခြားသည့် နေ့အပူချိန်များ

(၂၉-၄-၂၀၀၇)

နေပြည်တော်	၁၀၃ ဒီဂရီဖာရင်ဟိုက်
ရန်ကုန်	၁၀၃ ဒီဂရီဖာရင်ဟိုက်
ချောက်	၁၀၆ ဒီဂရီဖာရင်ဟိုက်
သာယာဝတီ	၁၀၆ ဒီဂရီဖာရင်ဟိုက်
ရွှေကျင်	၁၀၅ ဒီဂရီဖာရင်ဟိုက်